ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်

# ကျားမ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းများအား မြှင့်တင်ရေး


## အကျဉ်းချုပ်

ကမ္ဘာ့ကုလသမဂ္ဂသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် **ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် (Millennium Development Goals - MDGs)** ကို ရည်မှန်းချက် ၈ ချက် ချမှတ်ခဲ့ပါသည်။ ထိုအချိန်က ကုလသမဂ္ဂ၏အဖွဲ့ဝင် ၁၈၉ နိုင်ငံရှိခဲ့ရာ နိုင်ငံအားလုံးမှ သဘောတူခဲ့ကြပါသည်။ ၎င်းရည်ရွယ်ချက်တစ်ခုချင်းတွင် အသေးစိတ်ရည်မှန်းချက်များ ချမှတ်ခဲ့ရာ ကျားမတန်းတူညီမျှရေးနှင့်အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အားမြှင့်တင်ရန်သည် ရည်မှန်းချက်အမှတ် ၃ ဖြစ်ပါသည်။

အမျိုးသမီးများတန်းတူညီမျှအခွင့်အရေးရလျှင် အောင်မြင်နိုင်သည်ကို အောက်ပါအချက်အလက်များက ညွှန်ပြနေကြောင်းတွေ့ရှိရပါသည်-

- ကျားမတန်းတူညီမျှမှု မြင့်မားသောနိုင်ငံများသည် စီးပွားရေးအောင်မြင်၍ဖွံ့ဖြိုးတိုးတက်မှုကောင်းစွာရရှိပါသည်။
- အမျိုးသမီးကိုယ်စားလှယ်အများစုပါဝင်သော လွှတ်တော်များတွင် ကျန်းမာရေး၊ ပညာရေး၊ ခွဲခြားမှုပပျောက်ရေးနှင့်ကလေးသူငယ်ကူညီထောက်ပံ့ရေးများကဲ့သို့အရေးကြီးသော လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သောဥပဒေပြဋ္ဌာန်းချက်များကို ပိုမိုဆောင်ရွက်နိုင်ပါသည်။
- အမျိုးသမီးများပါဝင်မှုနှင့် ဆောင်ရွက်ထားသော ငြိမ်းချမ်းရေးသဘောတူညီချက်များသည် ပို၍ခိုင်မာကြပါသည်။


ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် အမှတ် ၃ သည် နိုင်ငံအတော်များများတွင် အောင်မြင်မှုများနှင့်လွဲချော်ခဲ့ရပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂသည် ပိုမိုပြည့်စုံသည့် စီမံချက်ဖြစ်သည့် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်(Sustainable Development Goals-SDGs)** ကို ရည်မှန်းချက် ၁၇ ချက်ဖြင့်ချမှတ်ရန်အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံတကာခေါင်းဆောင်များနှင့် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပါသည်။ ယင်းရည်မှန်းချက်များသည် ၂၀၁၆ ခုနှစ်မှစတင်၍ ၂၀၃၀ ခုနှစ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းရည်မှန်းချက်များတွင် ကျားမတန်းတူညီမျှရေးနှင့်အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်မြှင့်တင်ရေးသည် ရည်မှန်းချက် ၅ ဖြစ်ပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Millennium Development Goals-MDGs) | ၄ |
| ၂။ | ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် ၃ | ၅ |
| ၃။ | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals - SDGs) | ၇ |
| ၄။ | ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အား မြှင့်တင်ရေး | ၉ |
| ၅။ | ကျားမ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအားအခွင့်အလမ်းများရရှိရေးအတွက် အခြေခံမှုများ | ၉ |
| ၆။ | စီးပွားရေးတွင် အမျိုးသမီးများ စွမ်းဆောင်လာနိုင်ရေး | ၁၀ |
| ၇။ | စိုက်ပျိုးရေးတွင် အမျိုးသမီးများ မရှိမဖြစ် လိုအပ်ခြင်း | ၁၂ |
| ၈။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်လာရေး | ၁၃ |
| ၉။ | အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်လာပြီး ကျားမတန်းတူညီမျှရေးအား ဆောင်ရွက်ရေး | ၁၄ |
| ၁၀။ | ကျားမတန်းတူညီမျှမှုနှင့်အမျိုးသမီးများအားလုပ်ပိုင်ခွင့်အား မြှင့်တင်ပေးရန်အတွက် သင်တန်းများ ဖွင့်လှစ်ခြင်း | ၁၆ |
| ၁၁။ | ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ရန်ပုံငွေ | ၁၇ |
| ၁၂။ | မြန်မာနိုင်ငံမှ ကျားမ တန်းတူညီမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ရရှိမှု | ၁၈ |
| ၁၃။ | ပညာရေးတွင် ကျားမ တန်းတူရည်တူရှိမှု | ၁၉ |
| ၁၄။ | စိုက်ပျိုးရေးကဏ္ဍမဟုတ်သော အခြားသောလုပ်ငန်းများတွင် ကျားမတန်းတူရည်တူ အလုပ်ခန့်ထားမှု | ၁၉ |
| ၁၅။ | လွှတ်တော်အတွင်း အမျိုးသမီးများ၏ ပါဝင်မှုအချိုးအစားများ | ၂၀ |
| ၁၆။ | နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ | ၂၁ |
| ၁၇။ | အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် | ၂၄ |
| ၁၈။ | နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု | ၂၅ |
| ၁၉။ | ရည်မှန်းချက် ၃ တွင် အောင်မြင်မှုသရဖူဆောင်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ | ၂၅ |
| ၂၀။ | ရည်မှန်းချက် အမှတ် ၃ တွင် အောင်မြင်မှု၏အဝေးသို့ ရောက်ရှိခဲ့ရသည့် တောင်ကိုးရီးယားနိုင်ငံ | ၂၉ |
| ၂၁။ | မူဝါဒဆိုင်ရာသုံးသပ်ချက်များ | ၃၁ |
| ၂၂။ | နိုင်ငံတကာခေါင်းဆောင်များ၏ ထင်မြင်သုံးသပ်ချက်များ | ၃၁ |
| ၂၃။ | ပညာရှင်များ၏ ထင်မြင်သုံးသပ်ချက်များ | ၃၂ |
| ၂၄။ | နိဂုံး | ၃၄ |

**ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Millennium Development Goals-MDGs)**

၁။ ကမ္ဘာ့ကုလသမဂ္ဂသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် (Millennium Development Goals-MDGs) ကို ချမှတ်ခဲ့ပါသည်။ ထိုအချိန်က ကုလသမဂ္ဂ၏ အဖွဲ့ဝင် ၁၈၉ နိုင်ငံရှိခဲ့ရာ နိုင်ငံအားလုံးမှ သဘောတူခဲ့ကြပါသည်။ ထိုရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင်ပြီးမြောက်အောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ၎င်းရည်မှန်းချက် (၈) ခုမှာ-

(က) အလွန်အမင်းဆင်းရဲမွဲတေတော်မွတ်မှုကို အဆုံးသတ်ရန်၊

(ခ) လူတိုင်းမူလတန်းပညာရေးတတ်မြောက်ရန်၊

(ဂ) ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အား မြှင့်တင်ရန်၊

(ဃ) ကလေးသူငယ်များသေနှုန်းလျော့ချရန်၊

(င) မိခင်များ၏ ကျန်းမာရေးကို မြှင့်တင်ရန်၊

(စ) HIV, AIDS၊ ငှက်ဖျားရောဂါနှင့် အခြားသောကူးစက်ရောဂါများကို တိုက်ဖျက်ရန်၊

(ဆ) သဘာဝပတ်ဝန်းကျင်အား ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ရန်၊

(ဇ) ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တို့ဖြစ်ပါသည်။

၂။ ၎င်းရည်ရွယ်ချက်တစ်ခုချင်းတွင်အသေးစိတ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ ရည်မှန်းချက် ၃ ဖြစ်သော ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အား မြှင့်တင်ရန်သည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်၌ ကျောင်းများတွင် ကျားမတန်းတူညီမျှမှု ဖြစ်ရေးကို သက္ကရာဇ် ၂၀၀၅ ခုနှစ်တွင် အပြီးဆောင်ရွက်ရန်နှင့် သက္ကရာဇ် ၂၀၁၅ ခုနှစ်တွင် ပညာသင်ကြားမှုအဆင့်တိုင်း၌ကျားမတန်းတူဖြစ်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပြီး အောက်ပါအချက်များကို ဦးတည်ဆောင်ရွက်ရန် ချမှတ်ခဲ့ပါသည်-

(က) အမျိုးသားနှင့်အမျိုးသမီးများ၏ကျောင်းနေအချိုးအစားကို မူလတန်း၊ အလယ်တန်း၊ တက္ကသိုလ်တွင် အချိုးညီရေးဆောင်ရွက်ရန်၊

(ခ) စိုက်ပျိုးရေးကဏ္ဍမဟုတ်သော အခြားသောလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ခန့်ထားခွင့် ရရှိရေးဆောင်ရွက်ရန်၊

(ဂ) နိုင်ငံ၏လွှတ်တော်များတွင်အမျိုးသမီးများ၏ပါဝင်မှုအချိုးအစားကို မြှင့်တင်ရန်၊[1]

**ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် ၃**

၃။ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် ၃ အား အကောင်အထည်ဖော်နိုင်မှုအခြေအနေများနှင့်ယင်းရည်မှန်းချက် အောင်မြင်မှုနှင့်လွဲချော်ခဲ့ရခြင်းအကြောင်းအရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အကောင်အထည်ဖော်နိုင်မှု**။ ရည်မှန်းချက် ၃ ၏အောက်မှညွှန်းကိန်း ၃ ရပ်၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကမ္ဘာတလွှားရှိကျောင်းများတွင် ပထမအဆင့်ပညာရေး၌ ကျားမတန်းတူရည်တူရှိရေးအား အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော်လည်း ပညာရေးအဆင့်အားလုံးတွင် နိုင်ငံပေါင်း ၁၃၀ နိုင်ငံမှ ၂ နိုင်ငံသာလျှင် ၎င်းရည်မှန်းချက်ကို စွမ်းဆောင်နိုင်ခဲ့ပါသည်။

(၂) ကမ္ဘာတလွှားစိုက်ပျိုးရေးမဟုတ်သော ဝင်ငွေရရှိသည့်အလုပ်အကိုင် ၁၀၀ တွင် အမျိုးသမီးများသည် ၄၀ သာရရှိပါသည်။ သို့သော်အမျိုးသမီးများသည် အလုပ်သမားဈေးကွက်အတွင်း နောက်ခံပညာရေးနှင့် ကျွမ်းကျင်မှုများမှာ အမျိုးသားများနှင့် တူညီနေသော်လည်း မညီမျှသောအနေအထားနှင့် ဝင်ရောက်ခဲ့ရပါသည်။

(၃) ၁၉၉၇ ခုနှစ် ဇန်နဝါရီလ၌ လွှတ်တော်အတွင်းအမျိုးသမီးပါဝင်မှုသည် လွှတ်တော်တစ်ခုတည်းရှိသော လွှတ်တော်နှင့် လွှတ်တော် ၂ ရပ်ရှိသော အောက်လွှတ်တော်များ၌ ၁၂ ရာခိုင်နှုန်းရှိပြီး၊ ဆီးနိတ် သို့မဟုတ် အထက်လွှတ်တော်များ၌ ၁၀.၁ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ ရရှိသောစာရင်း ဇယားများအရ လွှတ်တော်တစ်ခုတည်းရှိသော လွှတ်တော်နှင့်လွှတ်တော် ၂ ရပ်ရှိသောအောက်လွှတ်တော်များတွင် ၂၁.၈

[1]Millennium Development Goals,available form:http://en.wikipedia.org/wiki/Millennium_Development_Goals[accessed[5June 2015]

ရာခိုင်နှုန်းရှိပြီး၊ ဆီးနိတ် သို့မဟုတ် အထက်လွှတ်တော်များတွင် ၁၉.၄ ရာခိုင်နှုန်း တိုးတက်မှုရှိလာပါသည်။ လွန်ခဲ့သော ၁၅ နှစ်တာကာလ အတွင်း ဖြတ်သန်းလာခဲ့သော အခြေအနေများအရ လွှတ်တော်များတွင် ကျားမတန်းတူညီမျှမှု အရေအတွက်သို့ရောက်ရှိရန် နှစ်ပေါင်း ၄၀ နီးပါး ဆောင်ရွက်ရလိမ့်မည် ဖြစ်ပါသည်။

(ခ) **ရည်မှန်းချက် ၃ အောင်မြင်မှုနှင့်လွဲချော်ရခြင်းအကြောင်းအရင်းများ။** ကုလ သမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အမျိုးသမီးနှင့်မိန်းကလေးများအတွက် ထောင်စုနှစ်ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ တွေ့ကြုံရသော စိန်ခေါ်မှုနှင့်စွမ်းဆောင်မှုများ ကြိုတင်အစီရင်ခံစာတွင် “ရည်မှန်းချက် ၃ ၏အောက်မှ ညွှန်းကိန်း ၃ ရပ်တွင် ကျား၊ မ မညီမျှမှုသည် အရေးကြီးသော ရှုထောင့်အဖြစ်ထင်ဟပ်နေပါသည်။ ရည်မှန်းချက် ၃ ၏ပန်းတိုင်သည် မအောင်မြင်ခဲ့ရသည်မှာ အမျိုးသမီးများအားအကြမ်းဖက်ခြင်းကဲ့သို့သောအတိမ်းအစောင်း မခံသော ကိစ္စရပ်များ၊ လုပ်အားခပုံမှန်မရသော လုပ်ငန်းခွင်များ၏ဌာနကြီးများ တွင် တန်းတူညီမျှမှုမရှိခြင်း၊ အမျိုးသမီးများ၏ ပုံသေပစ္စည်းပိုင်ဆိုင်မှု (ဥပမာ-မြေယာ) နှင့်ပတ်သက်၍ကန့်သတ်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်အခွင့်အရေးများအား ချိုးဖောက်ခြင်း၊ လွှတ်တော်များ သာမက ပုဂ္ဂလိကနှင့်ပြည်သူ့ဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုများတွင်လည်း ညီမျှစွာပါဝင်ခွင့်မရှိခြင်းတို့ဖြစ်ပါသည်။ အချက်အလက်ရရှိခဲ့သော နိုင်ငံများတွင် လုပ်အားခ ပုံမှန်မရရှိသော အိမ်တွင်းရေးနှင့်ပြုစုစောင့်ရှောက်ခြင်း ကဲ့သို့သောလုပ်ငန်းခွင်များ၌ အမျိုးသမီးများသည် အမျိုးသားများထက် အကြမ်းဖျဉ်း ၂ ဆခန့်ပို၍ အချိန်များကုန်ဆုံးနေရပါသည်” ဟုဖော်ပြထားပါသည်။[2]

[2] unwomen , available form: http://www.unwomen.org/en/news/in-focus/mdg-momentum#MDG3 [accessed 8 June 2015]

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals - SDGs)

၄။ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်၏ ရည်မှန်းချက် အမှတ် ၃ ဖြစ်သော ကျားမတန်းတူရေးနှင့်အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အား မြှင့်တင်ရေးရည်မှန်းချက်သည် နိုင်ငံအတော်များများတွင် အောင်မြင်မှုများနှင့် လွဲချော်ခဲ့ရပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂသည် ပိုမိုပြည့်စုံသည့် စီမံချက်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် (Sustainable Development Goals-SDGs) ကို ရည်မှန်းချက် ၁၇ ချက်ဖြင့်ချမှတ်ရန်အတွက် ၂၀၁၅ ခုနှစ်စက်တင်ဘာလတွင် နိုင်ငံတကာမှခေါင်းဆောင်များနှင့် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပါသည်။ ယင်းရည်မှန်းချက်များသည် ၂၀၁၆ ခုနှစ်မှစတင်၍ ၂၀၃၀ ခုနှစ်အတွင်းပြီးမြောက်အောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။[3] ယင်းရည်မှန်းချက်များတွင် ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အားမြှင့်တင်ရေးသည် ရည်မှန်းချက် အမှတ် ၅ ဖြစ်ပြီး အောက်ပါအချက်များကို ဦးတည်ဆောင်ရွက်ရန် ဖော်ပြထားပါသည်-

(၅.၁) နေရာတိုင်းတွင် အမျိုးသမီးနှင့်မိန်းကလေးများအားလုံးအား ခွဲခြားဆက်ဆံမှုပုံစံများအားလုံး အဆုံးသတ်ရေး၊

(၅.၂) ပြည်သူနှင့်ပုဂ္ဂလိက လုပ်ရှားမှုနယ်ပယ်အတွင်း၌ အမျိုးသမီးနှင့်မိန်းကလေးများအားလုံးအပေါ် အကြမ်းဖက်မှုပုံစံအားလုံးအား ရှင်းလင်းတိုက်ဖျက်ရန်၊ (၎င်းတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော အခြားအမျိုးအစားများနှင့် အကျိုးအမြတ်ရှာခြင်းများ ပါဝင်ပါသည်။)

(၅.၃) အန္တရာယ်ရှိသော လုပ်နည်းလုပ်ဟန်အားလုံးရှင်းလင်းတိုက်ဖျက်ရန်၊ (ဥပမာအားဖြင့်အရွယ်မရောက်မီအတင်းအကြပ်လက်ထပ်ထိမ်းမြားခြင်း၊အမျိုးသမီးလိင်အင်္ဂါဖြတ်တောက်ခြင်း)

(၅.၄) အခြေခံလိုအပ်ချက်ဖြစ်သော အမျိုးသမီးများအားအသိအမှတ်ပြုခြင်း၊ ငွေကြေးမပေးဆောင်ရသော ပြုစုစောင့်ရှောက်မှုများအား တန်ဖိုးထားခြင်းဖြင့် ပြည်သူ့ဝန်

[3] theguardian , Sustainable development goals: all you need to know available form: http://www.theguardian.com/global development /2015/jan/19/sustainable-development-goals-united-nations [accessed 11 June 2015]

ဆောင်မှုလုပ်ငန်းများအားထောက်ပံ့ခြင်း၊ အခြေခံအဆောက်အအုံများ ဆောင်ရွက်ပေးခြင်း၊ လူမှုရေးဆိုင်ရာ ကာကွယ်မှု မူဝါဒများချမှတ်ပေးခြင်း၊ တာဝန်ခွဲဝေယူတတ်သည့် စရိုက်ဓလေ့များကို အိမ်ထောင်စုနှင့် မိသားစုများအတွင်း မြှင့်တင်ပေးခြင်းတို့ကို နိုင်ငံ၏ရိုးရာစရိုက်ဓလေ့နှင့်အညီ ဆောင်ရွက်ပေးရန်၊

(၅.၅) အမျိုးသမီးများ၏ထိရောက်စွာနှင့် ပြည့်ဝစွာပါဝင်မှုကို သေချာစေရန်၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများသည် အဆင့်အားလုံးတွင်ခေါင်းဆောင်မှုနေရာရရှိရန်အပြင် ညီမျှသည့်အခွင့်အရေးနှင့် ထိရောက်ပြည့်ဝစွာ ပါဝင်နိုင်မှု၊ ဆောင်ရွက်နိုင်မှုရှိရန်၊

(၅.၆) ပေကျင်းလုပ်ငန်းဆိုင်ရာညီလာခံနှင့် ၎င်းညီလာခံ၏ ဆက်စပ်အစည်းအဝေးများမှ ထွက်ပေါ်လာသော အချက်များ၊ နိုင်ငံတကာ လူဦးရေနှင့် တိုးတက်ရေးဆိုင်ရာ ညီလာခံ၏ လုပ်ငန်းအစီအစဉ်များ၊ ၎င်းအချက်များနှင့်အညီ နိုင်ငံတကာမှ လက်ခံထားသော လိင်အင်္ဂါနှင့်မျိုးပွားမှု၊ ကျန်းမာရေးနှင့်မျိုးပွားမှု အခွင့်အရေးများကို အာမခံချက်ရှိရန်၊

၅(က)။ နိုင်ငံတော်၏ဥပဒေများနှင့်အညီ အမျိုးသမီးများ၏တန်းတူညီမျှသည့် အခွင့်အရေးများကို စီးပွားရေးဆိုင်ရာ သယံဇာတများအပေါ်တွင် လည်းကောင်း၊ ပိုင်ဆိုင်နိုင်ခွင့်တွင်လည်းကောင်း၊ မြေယာများအပေါ်တွင် စီမံခန့်ခွဲနိုင်ခွင့်နှင့် ပစ္စည်းများငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွင် စီမံနိုင်ခွင့်တွင်လည်းကောင်း၊ အမွေဆက်ခံနိုင်ခွင့်နှင့်သယံဇာတပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အမျိုးသမီးများ၏ တန်းတူညီမျှမှုရရှိရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန်၊

၅(ခ)။ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်မြှင့်တင်ရန်အတွက် နည်းပညာရပ်များ အထူးသဖြင့်သတင်းနှင့်ဆက်သွယ်မှုဆိုင်ရာနည်းပညာအားအသုံးပြုခြင်းကို မြှင့်တင်ပေးရန်၊

၅(ဂ)။ အမျိုးသမီးများနှင့်မိန်းကလေးများအားလုံး၏ အဆင့်အတန်းအားလုံး၌ ကျားမတန်းတူညီမျှမှုနှင့် လုပ်ပိုင်ခွင့်အာဏာအားမြှင့်တင်နိုင်ရေးအတွက် ခိုင်မာသော မူဝါဒများချမှတ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်သော ဥပဒေများအား ပြဋ္ဌာန်းခြင်းနှင့် စွမ်းအားမြှင့်တင်ခြင်း၊[4]

## ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အား မြှင့်တင်ရေး

၅။ ကမ္ဘာကြီးသည် ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အား မြှင့်တင်ရန်အတွက် အခြေခံမှုများအား အခြေခံ၍ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများပါမကျန် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုမျှသာမက ရည်မှန်းချက်အား ထပ်ဆင့်ပံ့ပိုးသည့်အနေဖြင့် သင်တန်းများ ဖွင့်လှစ်ပေးရုံသာမက အဖွဲ့အစည်းများ၏ အကူအညီများနှင့်ရန်ပုံငွေများဖြင့် အားဖြည့်၍ မဟာဗျူဟာအား မြှင့်တင်ခဲ့ပါသည်။

## ကျားမ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအားအခွင့်အလမ်းများရရှိရေးအတွက် အခြေခံမှုများ

၆။ စဉ်ဆက်မပြတ်အောင်မြင်မှုတိုးတက်ရရှိရန် နိုင်ငံတကာ၏ သဘောတူညီချက်ဖြင့်စွမ်းဆောင်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသမီးများ၊ အမျိုးသားများ၊ မိသားစုများနှင့်အဖွဲ့အစည်းများအတွက် နေထိုင်စဉ်ဘဝတစ်လျှောက်စွမ်းရည်များတိုးမြှင့်လာစေရန်အတွက် အခြေခံမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျား၊ မ ညီမျှမှုအတွက် ခေါင်းဆောင်မှုအား စုပေါင်း၍ အမြင့်ဆုံးအဆင့် တည်ထောင်ခြင်း၊

(ခ) လုပ်ငန်းခွင်တွင် အမျိုးသမီးများနှင့် အမျိုးသားများအားလုံးသည် မျှတစွာ ဆက်ဆံပြီး အချင်းချင်း လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှု မရှိစေရေးအား လေးစားခြင်း၊ ကူညီခြင်း၊

[4] Open Working Group proposal for Sustainable Development Goals , available form: https://sustainabledevelopment. un. org/ sdgsproposal. Html [accessed 5 June 2015]

(ဂ) အမျိုးသမီးနှင့် အမျိုးသားလုပ်သားများအားလုံး၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကောင်းကျိုးများအား စောင့်ရှောက်ခြင်း၊

(ဃ) အမျိုးသမီးများအတွက် ပညာရေး၊ သင်တန်းနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် အားပေးခြင်း၊

(င) လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပြီး အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အား ဈေးကွက်တွင် လက်တွေ့အသုံးချခြင်း၊

(စ) အုပ်စုအလိုက် ပင်ကိုယ်အရည်အချင်းနှင့် ထောက်ခံအားပေးမှုအား ညီမျှအောင် မြှင့်တင်ခြင်း၊

(ဆ) ကျား၊ မ ညီမျှမှုရရှိခြင်း တိုးတက်မှုအား ခန့်မှန်းအကဲဖြတ်၍ ပြည်သူလူထု သိရှိရန် အစီရင်ခံစာ တင်ပြခြင်း၊[5]

**စီးပွားရေးတွင် အမျိုးသမီးများ စွမ်းဆောင်လာနိုင်ရေး**

၇။ စီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပြည့်ဝစွာ ပါဝင်လာနိုင်ရေးသည် ပိုမိုအားကောင်းသော စီးပွားရေးတည်ဆောက်မှုအတွက် မရှိအဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။[6] အမျိုးသမီးများအလုပ်အကိုင် ပိုမိုလုပ်ကိုင်လာနိုင်သည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ အမျိုးသမီးအလုပ်သမားအင်အားပါဝင်မှုတိုးတက်လာလျှင်လည်းကောင်း၊ အမျိုးသမီးများနှင့် အမျိုးသားများ၏လုပ်အား ကွာဟမှုကျဉ်းမြောင်းလာလျှင်လည်းကောင်း ထိုနိုင်ငံသည် ပို၍လျင်မြန်သည့်စီးပွားရေးတိုးတက်မှုရလဒ်ကို ဖြစ်ပေါ်စေပါမည်။

၈။ နိုင်ငံအမြောက်အများအား လေ့လာတွေ့ရှိရသည်မှာ အမျိုးသမီးများကိုင်တွယ်သုံးစွဲနေသော ငွေကြေးပမာဏသည် ၎င်းတို့ ကိုယ်တိုင်ရှာဖွေ၍ဖြစ်စေ၊ အမျိုးသားများရှာဖွေပေးကမ်းသည့် ငွေကြေးပမာဏဖြစ်စေ များပြားလာသည်နှင့်အမျှ ကလေးများအတွက် အကျိုးရှိသည့် အရာများကို ပို၍သုံးစွဲလာနိုင်ပါသည်။ အမျိုးသမီးများနှင့်မိန်းကလေးများ၏ ပညာရေးတိုးတက်မှုအတွက် ငွေကြေးတိုးမြှင့်၍ သုံးစွဲခဲ့လျှင် ၎င်းနိုင်ငံ၏စီးပွားရေးတိုးတက်မှုအား ဖြစ်ထွန်းစေပါ

[5] Gender Equality and Women's Empowerment, available form: http://www.unwomen.org/en/partnerships/businesses-and-foundations/womens-empowerment-principles [accessed 12 June 2015]

[6]unwomen , available form: http://www.unwomen.org/en/partnerships/businesses-and-foundations/womens-empowerment-principles[accessed 4 June 2015]

သည်။ ပညာရေးဆိုင်ရာအသုံးစရိတ်ကိုတိုးမြှင့်သုံးစွဲခဲ့သည့်အတွက် OECD နိုင်ငံများသည် စီးပွားရေးတိုးတက်ရန် ၅၀ ရာခိုင်နှုန်းခန့် အထောက်အကူဖြစ်စေကြောင်းကို လွန်ခဲ့သောနှစ် ၅၀ ခန့်က အတွေ့အကြုံအရ သိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည်အဆင့်မြင့် ပညာရေးကို သင်ကြားခွင့်ရရှိနှုန်းမြင့်မားလာသည့်အပြင် အမျိုးသားများနှင့်အမျိုးသမီးများ၏ ပညာရေးအတွက် အသုံးပြုသည့်အချိန်ကာလ ညီမျှလာခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် အမျိုးသမီးအများစုသည် ပညာရေးအတွက်အချိန်ကာလများစွာ ပေးဆပ်ခဲ့ရသော်လည်း လုပ်ငန်းခွင်တွင် တန်းတူညီမျှသော အခွင့်အရေးအားရရှိခြင်းမရှိခဲ့ပါ။

၉။ ၁၉၇၀ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ၂၁၉ နိုင်ငံမှ အချက်အလက်များအား လေ့လာခဲ့ရာ မျိုးပွားမှုပြုလုပ်နိုင်သော အမျိုးသမီးတစ်ယောက်သည် ပညာရေးအား တစ်နှစ်အချိန်ပေးနိုင်ခဲ့လျှင် ကလေးအသေအပျောက်လျော့ကျမှုမှာ ၉.၅ ရာခိုင်နှုန်း လျော့ကျနိုင်ပါသည်။

၁၀။ "ကမ္ဘာတစ်လွှား၌ တရားဝင်ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ငွေကြေးစုဆောင်းခြင်း ကိစ္စရပ်များတွင် အမျိုးသမီးများသည် အမျိုးသမီးထု၏ ၄၇ ရာခိုင်နှုန်းရှိပြီး အမျိုးသားများသည် အမျိုးသားထု၏ ၅၅ ရာခိုင်နှုန်းရှိကြောင်း "တရားဝင်ဘဏ္ဍာရေးအဖွဲ့အစည်းမှ ပြောကြားခဲ့ပါသည်။ ၎င်းခြားနားချက်သည် နိမ့်ကျသော အလယ်အလတ်ဝင်ငွေရှိသည့် တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့တွင် အများဆုံးဖြစ်ပါသည်။[7]

၁၁။ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှုတိုးတက်လာသည်နှင့်အမျှ သိသာထင်ရှားစွာရရှိသော အကျိုးရလဒ်မှာ စီးပွားရေးတိုးတက်မှုနှင့်ဖွံ့ဖြိုးမှုကို ညွှန်ပြနေကြောင်း ကောင်းမွန်သော အထောက်အထားများက ပြသနေပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (The International Monetary Fund-IMF) မှ တွေ့ရှိချက်မှာ အလုပ်သမားဈေးကွက်တွင် ကျားမ ခွဲခြားမှုများအား အဆုံးသတ်လိုက်မည်ဆိုလျှင် GDP သည် လက်ရှိထက် အမေရိကန်ပြည်ထောင်စုတွင် ၅ ရာခိုင်နှုန်း၊ အာရပ်စော်ဘွားများပြည်ထောင်စုတွင် ၁၂ ရာခိုင်နှုန်း၊ အီဂျစ်နိုင်ငံတွင် ၃၄ ရာခိုင်နှုန်း မြင့်တက်သွားပါလိမ့်မည်။ [8]

[7] unwomen ,Facts and Figures: Economic Empowerment ,Benefits of economic empowerment, available form: http://www. unwomen.org /en/what-we-do/economic-empowerment/facts-and-figures [accessed 8 June 2015]
[8] available form: https://www.devex.com/news/how-gender-equality-can-boost-economic-growth-82130[accessed 8 June 2015]

၁၂။ The International Monetary Fund (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့)က အမျိုးသမီးများကို အလုပ်အကိုင်ခန့်ထားမှုများ တိုးပွားလာရန် ကောင်းမွန်စွာဖြေရှင်းနိုင်သည့် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် ဟုပြောကြားခဲ့ပါသည်-

(က) အလုပ်သမား တိုးမြှင့်ခန့်ထားရေး ဘဏ္ဍာရေးမူဝါဒများ၊

(ခ) နိမ့်ကျသည့် လုပ်ခဝင်ငွေရရှိသူများအတွက် နိမ့်ကျသောနှုန်းဖြင့် အခွန်ကောက်ခံခြင်း သို့မဟုတ် အကျိုးခံစားခွင့်ပေးခြင်း၊

(ဂ) မိသားစုများအတွက် စနစ်တကျဖန်တီးထားရသော ခံစားခွင့်များ(ဥပမာ-မိဘများ၏ ခွင့်ကဲ့သို့သော)[9]

## စိုက်ပျိုးရေးတွင် အမျိုးသမီးများ မရှိမဖြစ် လိုအပ်ခြင်း

၁၃။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပျမ်းမျှခြင်းအားဖြင့် စိုက်ပျိုးရေးဆိုင်ရာအလုပ်သမားအင်အား၏ ၄၃ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖွဲ့စည်းပါဝင်ပါသည်။ ဒေသအမြောက်အများတွင် ၂၀ ရာခိုင်နှုန်း၊ လက်တင်အမေရိကတွင် ၂၀ ရာခိုင်နှုန်းထက်လျော့နည်း၍လည်းကောင်း၊ အာရှနှင့် အာဖရိကတွင် ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းထက် ပိုမို၍လည်းကောင်း ကွာခြားမှုရှိကြပါသည်။ သို့သော် နယ်မြေဒေသအရဖြစ်စေ၊ ဒေသခွဲအရဖြစ်စေ ခြားနားချက်မှာ အမျိုးသမီးများသည် တိုးတက်ဆဲနိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍအတွက် မရှိမဖြစ် အဓိကလိုအပ်သော အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။

၁၄။ အမျိုးသမီးလယ်သမားများသည် အမျိုးသားများထက် လယ်မြေပိုင်ဆိုင်မှုလျော့နည်းပြီး ၎င်းတို့သည် သွင်းအားစုများဖြစ်သော မျိုးစေ့များ၊ ချေးငွေများနှင့် လုပ်ငန်းတိုးချဲ့ခြင်းတို့တွင် ကန့်သတ်ချက်များ တွေ့ကြုံနေရသည်။ မြေယာပိုင်ဆိုင်သူများတွင် အမျိုးသမီးများသည် ၂၀ ရာခိုင်နှုန်းအောက်သာ ရှိပါသည်။

၁၅။ ကျား၊မ ကွဲပြားခြားနားမှုကြောင့် အမျိုးသမီးများသည် မြေယာပိုင်ဆိုင်မှု၊ ချေးငွေများ ရရှိမှုတို့တွင် ထိခိုက်မှုများ ရှိသောကြောင့် အမျိုးသားနှင့် အမျိုးသမီး စွမ်းဆောင်မှုချင်း ယှဉ်ပြိုင်ရာတွင် စီးပွားရေးလုပ်ငန်းသစ်များ ရင်းနှီးမြှုပ်နှံရာတွင် လည်းကောင်း၊ စီးပွားရေးကို ကျယ်

[9] IMF, available form: http://www.imf.org/external/pubs/ft/sdn/2013/sdn1310.pdf[accessed 8 June 2015]

ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာတွင်လည်းကောင်း အမျိုးသမီးများသည် ယှဉ်ပြိုင်နိုင်စွမ်း မရှိဘဲ အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပါသည်။

၁၆။ နိုင်ငံအမြောက်အများအား ဆန်းစစ်လေ့လာခဲ့ရာ အမျိုးသမီးများသည် အိမ်ထောင်စုအတွက် စားနပ်ရိက္ခာ ပြင်ဆင်မှုအား ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းကြား ဆောင်ရွက်ရန် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။[10]

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်လာရေး**

၁၇။ စစ်မှငြိမ်းချမ်းရေးသို့ပြောင်းလဲရာတွင် ပြိုင်ဘက်ကင်းသော အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး အမျိုးသမီးများသည် ပဋိပက္ခ၏အခြေခံအကြောင်းအရင်းများကိုသိရှိလာကာ လူမှုအသိုက်အဝန်းကြားရှိ အဖွဲ့အစည်းများ၊ တည်ဆောက်မှုများနှင့်ဆက်ဆံမှုများအား မည်သို့ပြောင်းလဲရမည်ကိုသိရှိလာခဲ့ပါသည်။

၁၈။ အမျိုးသမီးများ၏တက်ကြွစွာပါဝင်လှုပ်ရှားလာမှုများပါဝင်လာစေရန်အရေးကြီးပါသည်။ အမျိုးသမီးများသည် ကျားမရေးရာညီမျှမှုများကို စိတ်ခံစားချက်ဖြင့် ထုတ်ဖော်ပြောဆိုလာပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ယခင်ကတည်းကရှိသင့်၍ ငြိမ်းချမ်းရေးဖော်ဆောင်မှုများ၊ သဘောတူညီချက်များအားစောင့်ကြည့်မှတ်သားခြင်းနှင့် အကောင်အထည်ဖော်နိုင်ခြင်းတို့တွင် ပါဝင်သင့်ပါသည်။ အမျိုးသမီးများဆောင်ရွက်သင့်သည့်အကြောင်းမှာ နိုင်ငံရေးဖြေရှင်းမှုများအား ၎င်းတို့၏ကိုယ်ပိုင်အမြင်များနှင့် အမျိုးသားပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့်သည်။ အမျိုးသမီးများသည် ယခင်က ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် မပါဝင်ရန် ရည်ရွယ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင်လူထုနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များ ချမှတ်သည့်အဖွဲ့အစည်းများတွင် ပါဝင်လာခဲ့ပါသည်။

၁၉။ ၂၀၀၃ ခုနှစ်တွင် United Nation Department fund for Women မှပုံနှိပ်ထုတ်ဝေခဲ့သော Securing the Peace, Guiding the International Community towards Women's Effective Participation throughout Peace Processes စာအုပ်တွင် "ငြိမ်းချမ်းရေး

---

[10] unwomen ,Essential to agriculture, available form: http://www.unwomen.org/en/what-we-do/economic-empowerment/facts-and-figures [accessed 15 June 2015]

သဘောတူညီမှုဆုံးဖြတ်ချက်များသည် ကျားမတန်းတူညီမျှသောဆုံးဖြတ်ချက်များဖြစ်ရန် လိုအပ်ပါသည်။ အကြောင်းအရင်းမှာ ငြိမ်းချမ်းရေး ဆုံးဖြတ်ပွဲများတွင် ၎င်းဒေသရှိ အမျိုးသမီးများအား ထည့်သွင်းပြီးပါဝင်ဆောင်ရွက်ရန်လိုအပ်သောကြောင့်ဖြစ်ပါသည် "ဟုခြုံငုံပြီးဖော်ပြထားပါသည်။

၂၀။ အမျိုးသမီးများ၏အမြင်ကို ပေါင်းစည်းဖော်ပြရန် လိုအပ်သည့်အတွက် ပဋိပက္ခများ ရပ်တန့်ပြီးသည့် နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်ရန် အခွင့်အလမ်းရှိပါသည်။ စစ်ပွဲများပြီးနောက် ငြိမ်းချမ်းရေးကို အခြေခံအုတ်မြစ်ချရန် ဇစ်စပ်ဆွေးနွေးပွဲလုပ်သောအခါ အမျိုးသမီးများ၏အမြင်များပူးပေါင်းပါဝင်လာရန် လိုအပ်ပါသည်။

၂၁။ အမျိုးသမီးများမည်သို့ဆောင်ရွက်ရမည်ကို ၎င်းစာအုပ်၏လမ်းညွှန်ချက်များတွင် ဖော်ပြထားပါသည်။ ၎င်းလမ်းညွှန်ချက်များအတိုင်းဆောင်ရွက်မှသာလျှင် အကျိုးရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် တရားမျှတသည့် အားလုံးပါဝင်သော ငြိမ်းချမ်းရေးဖြစ်မည်ဖြစ်ပါသည်။ ၎င်းလမ်းညွှန်ချက်တွင် အောက်ပါသဘောထားမှတ်ချက်များကို ဖော်ပြထားပါသည်-

(က) အမျိုးသမီးများ၏ထိရောက်စွာပါဝင်ဆောင်ရွက်မှုကို ငြိမ်းချမ်းရေးအဆင့်အားလုံးတွင် ပါဝင်ခွင့်ပြုရေး၊


(ခ) ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်သဘောတူညီချက်များသည် ကျားမရေးရာတန်းတူညီမျှမှုကို ထည့်သွင်းမြှင့်တင်ရေး၊

(ဂ) ငြိမ်းချမ်းရေးသဘောတူညီချက်များကိုအကောင်အထည်ဖော်သောအခါအမြဲတမ်းပါဝင်နေရန်အတွက်ကျားမတန်းတူညီမျှမှုအမြင်များကိုအားပေးဆောင်ရွက်စေရေး၊[11]

**အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်လာပြီး ကျားမတန်းတူညီမျှရေးအား ဆောင်ရွက်ရေး**

၂၂။ ကမ္ဘာအရပ်ရပ်၌ ၁၃ နှစ်တာကာလအတွင်း အမျိုးသမီးများနိုင်ငံရေး၌ ပါဝင်လာမှုမှာ တိုးမြင့်လာခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် ဒေသအလိုက် ပါလီမန်အတွင်းအမျိုးသမီးများပါဝင်မှုနှင့် ၂၀၁၃ ခုနှစ် တွင်ပါလီမန်အတွင်းရှိ အမျိုးသမီးများပါဝင်မှုရာခိုင်နှုန်းများအား အောက်ပါပုံပြကားချပ်ဖြင့် နှိုင်းယှဉ်၍ တင်ပြအပ်ပါသည်-

[11] UN WOMEN,Securing the Peace: Guiding the International Community towards Women's Effective Participation throughout Peace Processes, available form: http://www.unwomen.org/en/digital-library/publications/2005/1/securing-the-peace-guiding-the-international-community-towards-women-s-effective-participation-throughout-peace-processes [accessed 4 June 2015]




12

၂၃။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလထိ နိုင်ငံ ၄၆ နိုင်ငံတွင် အနည်းဆုံး လွှတ်တော် ၁ ခုစီတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်းထက်ပို၍ပါဝင်ခဲ့ပါသည်။[13] ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင်မူ နိုင်ငံတကာပါလီမန်အားလုံးတွင် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ ၂၂ ရာခိုင်နှုန်းသာပါရှိပြီး နိုင်ငံခေါင်းဆောင်နေရာတွင် အမျိုးသမီး ၁၀ ဦး တာဝန်ထမ်းဆောင်ခဲ့ပြီး အစိုးရခေါင်းဆောင်ပိုင်းတွင် အမျိုးသမီး ၁၄ ဦး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ရဝမ်ဒါနိုင်ငံ အောက်လွှတ်တော်၌ အမျိုးသမီးများပါဝင်မှု ၆၃.၈ရာခိုင်နှုန်းရှိပြီး ကမ္ဘာတစ်လွှားပါလီမန်အတွင်းရှိ အမျိုးသမီးများ ပါဝင်မှုတွင် အမြင့်ဆုံးဖြစ်ပါသည်။[14]

၂၄။ ကမ္ဘာ့ကုလသမဂ္ဂကပြောကြားသည်မှာ “နိုင်ငံတကာမှလွှတ်တော် ၃၉ ရပ်တွင် ရွေးကောက်ပွဲ၌ ဥပဒေအရသော်လည်းကောင်း၊ ဆန္ဒအလျောက်သော်လည်းကောင်း ရွေးကောက်ခံရမည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးအရေအတွက်အား တိတိကျကျသတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်လိုက်သောကြောင့် ပါလီမန်အတွင်းရှိ အမျိုးသမီးအရေအတွက်

[12] UN WOMEN , available form: http://www.unwomen.org/en/news/in-focus/mdg-momentum#MDG3 [accessed 22 June 2015]
[13] unwomen , available form: Gender Equality and Women's Empowerment, [accessed 5 June 2015]
[14] unwomen ,Facts and Figures: Leadership and Political Participation Women in parliaments, available form: http://www. unwomen .org/ en/what-we-do/leadership-and-political-participation/facts-and-figures [accessed 22 June 2015]

တိုးတက်လာပါသည်။ သို့သော်လည်း ထိုသတ်မှတ်ချက်ဖြင့် ယင်းကိစ္စကို ဖြေရှင်းရန် လုံလောက်မှုမရှိပါ။ ကမ္ဘာ့ကုလသမဂ္ဂ၏ သဘောထားမှတ်ချက်မှာ နိုင်ငံရေးပါတီများသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲတွင် ပိုမိုထည့်သွင်းထားသင့်ပါသည်။ ” ဟူ၍ ဖြစ်ပါသည်။[15]

၂၅။ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပသော နိုင်ငံတကာအမျိုးသမီးလွှတ်တော် ဥက္ကဋ္ဌများအစည်းအဝေးတွင် ဟာလီမာယာကော့ (ဥက္ကဋ္ဌ၊ နိုင်ငံတကာအမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌများအဖွဲ့)က “နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် အမျိုးသမီးများအား နောက်ချန်ထားလိုသည့် ကျား၊မ ခွဲခြားမှုအလေ့အထများ ပျောက်ကွယ်ပြီး ကျား‌မ တန်းတူညီမျှအခွင့်အရေးရှိသည်ဟူသော စိတ်ထားများသည် လူသားတိုင်းရင်တွင် ထင်ဟပ်လာစေရန် အမျိုးသမီးနိုင်ငံရေးသမားများက ယခုထက်ပို၍ အားသွန်ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အမျိုးသမီးနိုင်ငံရေးသမားများအနေဖြင့် အမျိုးသမီးအခွင့်အရေးများဘေးဖယ်ခံထားရသည့်နိုင်ငံများတွင် ကိုယ်တိုင်အားထုတ်ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အမျိုးသားများကလည်း အမျိုးသမီးအခွင့်အရေးအတွက် ဝိုင်းကူတိုက်ပွဲဝင်လာစေရန် စည်းရုံးပညာပေးရပါမည်။ ကျား‌မ တန်းတူညီမျှရေးတွင် ပညာရေးသည်အရေးကြီးပါသည်။ ” ဟုပြောကြားခဲ့ပါသည်။[16]

**ကျား‌မတန်းတူညီမျှမှုနှင့်အမျိုးသမီးများအားလုပ်ပိုင်ခွင့်အား မြှင့်တင်ပေးရန်အတွက် သင်တန်းများဖွင့်လှစ်ခြင်း**

၂၆။ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့အစည်းမှ ကျား‌မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် နေရာပေးခြင်းကို မြှင့်တင်ပေးရန် တာဝန်ရှိသည့်အတွက် ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်ပါသည်။ ကျား‌မတန်းတူညီမျှမှုအတွက် သင်တန်းများသည်ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဗဟုသုတများ၊ နည်းပညာများ၊ အမြင်နှင့်အပြုအမူပြောင်းလဲရန်အတွက် ကျွမ်းကျင်မှုတိုးတက်စေရန် စီစဉ်ပေးသည့် ရည်ရွယ်ချက်ဖြစ်ပါသည်။ ၎င်းသည် စဉ်ဆက်မပြတ် ရေရှည်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်သော

[15] UNDP,http://www.undp.org/content/undp/en/home/mdgoverview/mdg_goals/mdg3.html[accessed 18 June 2015]

[16] Burmese Today, ကျား မခွဲခြားသည့်ဓလေ့ချုပ်ငြိမ်းသွားရေးအတွက် အမျိုးသမီးနိုင်ငံရေးသမားများကိုယ်တိုင်ဦးဆောင် ကြိုးပမ်းကြဖို့လို available form: http://burmesetoday.blogspot.com/2014/09/blog-post_796.html [accessed 5 June 2015]

ကြောင့် နိုင်ငံရေးအရအဖွဲ့အစည်းများအားလုံးမှ ဆန္ဒရှိစွာ ထောက်ခံမှုနှင့်ပါဝင်ပတ်သက်မှု လိုအပ်ပါသည်။

၂၇။ သင်တန်းပေးခြင်းသည် မဟာဗျူဟာအရလက်နက်ကိရိယာသဖွယ် အသုံးချရန်ဖြစ်ပြီး၊ တစ်ဦးချင်းဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ ကျားမညီမျှမှုရရှိရေးအတွက် ပြုပြင်ပြောင်းလဲရန်နှင့် အားပေးအားမြှောက်ပြုရန်အတွက်လိုအပ်သည့်သင်ကြားမှု၊ ဗဟုသုတနှင့်ကျွမ်းကျင်မှုတိုးတက်ရန် တည်ဆောက်မှုကို လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ သင်တန်းပေးခြင်းသည် အမျိုးသမီးနှင့်အမျိုးသားတို့၏ ကျားမအခန်းကဏ္ဍကို နားလည်သဘောပေါက်ပြီး ၎င်းတို့နေ့စဉ်နေထိုင်မှုနှင့် လုပ်ငန်းခွင်တွင် ဗဟုသုတများဆည်းပူးခြင်းကို ကူညီပေးပါသည်။ ကျားမတန်းတူညီမျှမှုအတွက် သင်တန်းသည် ၎င်းတို့လုပ်ဆောင်နေသော လူသားတိုင်းလူ့အခွင့်အရေးအားညီမျှစွာရရှိရေးသည် လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

၂၈။ ကျားမတန်းတူညီမျှရေးသင်တန်းသည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သောအထူးသဖြင့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံပပျောက်ရေးသဘောတူစာချုပ်(Conventation on the Elimination of All Forms of Discrimination Against Women - CEDAW) နှင့် ပေကျင်းလုပ်ငန်းဆိုင်ရာကြေညာချက် တို့၏လမ်းညွှန်ချက်အရ ချဉ်းကပ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ [17]

## ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ရန်ပုံငွေ

၂၉။ ကမ္ဘာပေါ်ရှိ အရွယ်ရောက်ပြီး စာမတတ်သူများ၏ သုံးပုံနှစ်ပုံသည် အမျိုးသမီးနှင့်မိန်းကလေးများဖြစ်ပါသည်။ ဆင်းရဲမွဲတေဆုံးသောသူများ၏ ၆၅ ရာခိုင်နှုန်းကျော်သည်လည်း အမျိုးသမီးနှင့်မိန်းကလေးများပင်ဖြစ်ပါသည်။ ကမ္ဘာတစ်လွှား ကျားမ အခြေပြု မညီမျှမှုများသည်ဆက်လက်ဖြစ်ပေါ်နေပြီး အမျိုးသမီးများသည် ၎င်းတို့ဘဝနှင့်ဆိုင်သောပြောဆိုခွင့်များကို ရရှိခြင်းမရှိသေးပါ။

[17] unwomen ,Training for gender equality and women's empowerment available form: http://www.unwomen.org/en/how-we-work/capacity-development-and-training [accessed 4 June 2015]

၃၀။ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ရန်ပုံငွေ (MDG-F) သည် ပြည်သူလူထုအားလုံး ကျားမညီမျှမှုနှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အခွင့်အရေးများပါဝင်သည့် လူ့အခွင့်အရေးကို ဖော်ဆောင်ရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ကျားမတန်း တူညီမျှမှုနှင့်လုပ်ပိုင်ခွင့်တန်းတူရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ ဂုဏ်သရေရှိသောလုပ်ငန်း နှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်စားသောက်နေထိုင်ခြင်းများတွင် တူညီသည့်အခွင့်အရေး များရှိရန်လိုအပ်ပါသည်။

၃၁။ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ရန်ပုံငွေမှ အမျိုးသမီးများ၏အခွင့်အရေးများနှင့် ကျားမ ညီမျှမှုမြှင့်တင်ရေးကို မဟာဗျူဟာ ၂ သွယ်ဖြင့်အားဖြည့်၍စတင်ဆောင်ရွက်ခဲ့ပါသည်။ အစီအစဉ် ၁၃ ခုတွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မှု၊ အမျိုးသမီး များ၏စွမ်းဆောင်ရည်တိုးတက်ရေး၊ ၎င်းတို့၏ သယံဇာတနှင့် အခွင့်အလမ်းများ တိုးတက်ရရှိ ရေး၊ အမျိုးသမီးများကို အကြမ်းဖက်ခြင်းနှင့်ပဋိပက္ခများမှ ရင်ဆိုင်ရမှုလျော့ခြင်းတို့ကိုဆောင် ရွက်ခဲ့ပါသည်။ အမျိုးသမီးများ၏အခွင့်အရေးအား လေးစားသောဥပဒေရေးရာ စနစ်များအား မြှင့်တင်ခဲ့ပြီး အထူးသဖြင့် လူနည်းစုတိုင်းရင်းသားမျိုးနွယ်နှင့် မျိုးနွယ်စုနှင့်သက်ဆိုင်သော လူ နည်းစုအုပ်စုများအတွက် ဆောင်ရွက်ခဲ့ပါသည်။

၃၂။ သွယ်ဝိုက်သောချဉ်းကပ်မှုမဟာဗျူဟာ ၂ သွယ်အရ ကျားမတန်းတူညီမျှမှုရှိရေး ရှုထောင့် တစ်ခုသည်အခြားသောအစီအစဉ်များတွင်ပေါင်းစပ်ထည့်သွင်းပါဝင်ခဲ့ပါသည်။ ထိုအစီအစဉ်များ သည် ကျယ်ပြန့်ပြီး ပုံစံတစ်ခုလုံးသည် ကျားမညီမျှမှုကို ရေးဆွဲထားပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့အား စိတ်ကြေနပ်မှုရသည့် အထိ ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။ [18]

## မြန်မာနိုင်ငံမှ ကျားမ တန်းတူညီမှုနှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့်ရရှိမှု

၃၃။ မြန်မာနိုင်ငံသည် အခြားသော နိုင်ငံများနည်းတူ ကျားမတန်းတူညီမျှမှုနှင့် အမျိုးသမီးများ ၏လုပ်ပိုင်ခွင့်အခွင့်အလမ်းများ မြှင့်တင်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

[18] MDG-F's ,Gender Equality and Women's Empowerment, available form: http://www.mdgfund.org/node/20 [accessed 18 June 2015]

မြန်မာနိုင်ငံသည် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပညာရေးတွင် အမျိုးသားနှင့် အမျိုးသမီး ပို၍ တန်းတူညီမျှမှုရှိသော နိုင်ငံဖြစ်ပါသည်။

**ပညာရေးတွင် ကျားမ တန်းတူရည်တူရှိမှု**

၃၄။ မြန်မာနိုင်ငံသည် ရည်မှန်းချက် အမှတ် ၃ ၏ ပန်းတိုင်ဖြစ်သော ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ပညာရေးကဏ္ဍများတွင် တန်းတူရည်တူရရှိမှုကို စွမ်းဆောင်နိုင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်နှင့်ယှဉ်လျှင် တိုးတက်နေပြီဖြစ်သော်လည်း ၂၀၁၅ ခုနှစ် မတိုင်မီတွင် ရည်မှန်းချက်ကို အပြည့်အဝရရှိရန် စိန်ခေါ်မှုများအား ဆက်လက်ရင်ဆိုင်နေရဦးမည်ဖြစ်ပါသည်။

၃၅။ ပထမအဆင့်ပညာရေးတွင် ယောကျ်ားလေးနှင့် မိန်းကလေး၏ ပါဝင်မှုအချိုး သို့မဟုတ် ကျားမတန်းတူညီမျှမှု ညွှန်းကိန်းအား တိုင်းတာရာတွင် ၂၀၀၀ ခုနှစ်တွင် ၉၈ ရာခိုင်နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၁၀၄ ရာခိုင်နှုန်းသို့ တိုးတက်ရရှိခဲ့ပါသည်။

၃၆။ ဒုတိယအဆင့် ပညာရေးတွင် ယောကျ်ားလေးနှင့် မိန်းကလေး၏ ပါဝင်မှုအချိုး သို့မဟုတ် ကျားမတန်းတူညီမျှမှု ညွှန်းကိန်းအား တိုင်းတာရာတွင် ၂၀၀၀ ခုနှစ်တွင် ၉၉ ရာခိုင်နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၁၀၅ ရာခိုင်နှုန်းသို့ တိုးတက်ရရှိခဲ့ပါသည်။ သို့ရာတွင် အမျိုးသမီးများအားလုံး၏ ဒုတိယအဆင့်ပညာရေးသို့ရောက်ရှိမှုမှာ နိမ့်ကျနေပါသေးသည်။ အမျိုးသမီးများ၏ ဒုတိယအဆင့် ပညာရေးသို့ ရောက်ရှိမှုမှာ ၂၀၀၈ ခုနှစ်တွင် ခန့်မှန်းခြေ ၅၃ ရာခိုင်နှုန်းခန့် တွေ့ရှိရပါ သည်။

၃၇။ တတိယအဆင့်ပညာရေးအားတက်ရောက်သော မိန်းကလေးအရေအတွက်သည် ၁၉၉၀ ခုနှစ်ကတည်းက ယောကျ်ားလေးအရေအတွက်ထက် ပို၍သာလွန်ပါသည်။ တတိယအဆင့် ပညာရေးတွင် ကျားမတန်းတူရည်တူရှိမှုညွှန်းကိန်း (Gender Parity Index-GPI)သည် ၁၉၉၀ ခုနှစ်တွင် ၁၅၁ ရာခိုင်နှုန်း၊ ၂၀၀၀ ခုနှစ်တွင် ၁၆၈ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၁၆၄ ရာခိုင်နှုန်း ရှိပါသည်။

**စိုက်ပျိုးရေးကဏ္ဍမဟုတ်သော အခြားသောလုပ်ငန်းများတွင် ကျားမတန်းတူရည်တူအလုပ်ခန့်ထားမှု**

၃၈။ စိုက်ပျိုးရေးမဟုတ်သည့် ဝင်ငွေရရှိသော လုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှုမှာ နည်းပါးနေသေးပါသည်။ စိုက်ပျိုးရေးကဏ္ဍမဟုတ်သော ဝင်ငွေလစာရရှိသည့် လုပ်ငန်းများတွင်


အမျိုးသမီးများ၏ ဝင်ငွေမှာ ၂၀၀၅ ခုနှစ်တွင် ၄၁.၃ ရာခိုင်နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၄၄.၇ ရာခိုင်နှုန်းသို့ တိုးမြင့်ရရှိခဲ့ပါသည်။

၃၉။ အမျိုးသားနှင့်အမျိုးသမီးကြား အဆင့်မြင့်ကဏ္ဍတွင် တာဝန်ထမ်းဆောင်ရသည့် အရေအတွက်မှာ ကျယ်ပြန့်သောကွာဟမှုရှိနေပါသေးသည်။ အမျိုးသမီးများတာဝန်ထမ်းဆောင်မှုသည် နိမ့်သောရာထူးအဆင့်နှင့် နိမ့်သောကျွမ်းကျင်မှုလုပ်ငန်းများတွင်သာ များပါသည်။ နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် ဝန်ထမ်းအားလုံး၏ တစ်ဝက်ခန့်သည် အမျိုးသမီးများဖြစ်ပါသည်။ ၂၀၀၉၊၂၀၁၀ ခုနှစ်ကာလများတွင် အမျိုးသမီးများသည် အဆင့်မြင့်နေရာများတွင် ၃၆ ရာခိုင်နှုန်း နေရာရခဲ့ပါသည်။ အမျိုးသားနှင့်အမျိုးသမီးကြား လုပ်အားခကွာဟမှုအား တရားမဝင်သော လုပ်ငန်းများတွင်လည်း တွေ့မြင်နိုင်ပါသည်။ အမျိုးသမီးများသည် အလုပ်အကိုင်တူညီသော်လည်း လုပ်ခနည်းနိုင်ပြီး သို့တည်းမဟုတ် လုပ်ခများများရရှိသည့် အချို့သောလုပ်ငန်းများတွင်လည်း အမျိုးသမီးများအား ထည့်သွင်းစဉ်းစားလေ့ မရှိကြောင်း သိရပါသည်။

**လွှတ်တော်အတွင်း အမျိုးသမီးများ၏ပါဝင်မှုအချိုးအစားများ**

၄၀။ မြန်မာနိုင်ငံသည် လွှတ်တော်အတွင်းအမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်ရန် ရည်မှန်းချက်အား ပြည့်မီရန်အတွက် ရေရှည်တွင် ကြိုးစားဆောင်ရွက်ရပါဦးမည်။ ၎င်းသည် ပေကျင်းညီလာခံတွင် မျှော်မှန်းထားသည့်အမျိုးသမီးများကို ကိုယ်စားပြုသည့် သတ်မှတ်ထားသည့် အရေအတွက်ဖြစ်ပါသည်။[19] အင်္ဂလိပ်ခေတ်မှယနေ့ခေတ်ထိပါလီမန်လွှတ်တော်များတွင်အမျိုးသမီးအမတ်များပါဝင်မှုအား အောက်ပါပုံပြကားချပ်ဖြင့်တင်ပြအပ်ပါသည်-

[19]Draft Myanmar MDGs Report, UNDP, Promote gender equality and empower women, Where we are? available form: http://www.mm.undp. org/ content/myanmar/en/home/mdgoverview/overview/mdg3.html [accessed 23 June 2015]




၄၁။ အင်္ဂလိပ်ခေတ်မှ၂၀၁၂ခုနှစ်ထိပါလီမန်လွှတ်တော်များတွင်စုစုပေါင်းအမတ်အရေအတွက်၊ အမျိုးသမီးအမတ်များပါဝင်မှုအရေအတွက်နှင့် ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အကြောင်းအရာ | ၁၉၂၉ | ၁၉၃၆ | ၁၉၄၇ | ၁၉၅၂ | ၁၉၅၆ | ၁၉၅၈ - ၁၉၆၀ | ၁၉၆၀ | ၁၉၆၂ - ၁၉၇၄ | ၁၉၇၄ | ၁၉၇၈ | ၁၉၈၁ | ၁၉၈၅ | ၁၉၈၈ - ၂၀၁၀ | ၂၀၁၁ - ၂၀၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လွှတ်တော်တွင်းအမတ်ပါဝင်မှုစုစုပေါင်း | ၇၉ | ၁၃၂ | ၂၂၅ | ၂၂၅ | ၂၂၅ | အိမ်စောင့်အစိုးရ | ၁၈၀ | တော်လှန်ရေးကောင်စီ | ၄၄၉ | ၄၄၉ | ၄၇၅ | ၄၈၉ | နဝတ နှင့် နအဖ | ၁၅၄၁ |
| အမျိုးသမီးများလွှတ်တော်တွင်းပါဝင်မှု | ၁ | ၁ | ၇ | ၃ | ၅ | | ၃ | | ၉ | ၁၃ | ၁၅ | ၁၆ | | ၅၆ |
| အမျိုးသမီးများလွှတ်တော်တွင်းပါဝင်မှုရာခိုင်နှုန်း | ၁.၂၇ | ၀.၀၇ | ၃.၁၁ | ၁.၃၃ | ၂.၂၂ | | ၁.၆၇ | | ၂.၀၀ | ၂.၉၀ | ၃.၁၆ | ၃.၂၇ | | ၃.၆၃ |

[20]

**နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ**

၄၂။ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ဖွင့်ပွဲ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျားမတန်းတူညီမျှရေးနှင့်အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အားမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြောကြားခဲ့ပါသည်-

(က) မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် အခြေခံအချက်ကြီး ၅ချက်အနက်

[20] available form: http://www.globaljusticecenter.net/index.php?option=com_mtree&task=att_download&link_id=103&cf_id=34 [accessed 5 June 2015]

အမှတ်စဉ် ၂၂ ၌ "လူတိုင်း ကျား/မ မဟူ နိုင်ငံကြီးငယ်မရွေးအခြေခံလူ့အခွင့်အရေးများနှင့်တန်းတူရည်တူအခွင့်အရေး ရှိသည်ကို အလေးအနက် ဂရုပြုရန် " ဟူသည့် အချက် ပါဝင်ပါကြောင်း၊

(ခ) မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် ဦးစားပေးဆောင်ရွက်ရမည့် ဇရိယာများ အဆိုပြုတင်ပြခဲ့သည့် အချက်များထဲတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်း လုပ်ငန်းစဉ် ပါဝင်ပါသည်။

(ဂ) မြန်မာနိုင်ငံသည်ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်၌ ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသောကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေရသော နိုင်ငံတစ်နိုင်ငံတွင်အမျိုးသား၊အမျိုးသမီး တန်းတူညီရေးသည်လည်း အလွန်အရေးကြီးပြီး အခြေခံကျသည့် ကိစ္စရပ်တစ်ခုပင် ဖြစ်ပါသည်။

(ဃ) အသွင်ကူးပြောင်းကာစ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် လူဦးရေထက်ဝက်ကျော်ကိုကိုယ်စားပြုထားသည့်မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍသည် အလွန်အရေးပါပါသည်။ ယနေ့လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင်လည်း မြန်မာအမျိုးသမီးများအနေဖြင့် ဦးဆောင်ပါဝင် ဆောင်ရွက်လျက်ရှိနေပါသည်။

(င) နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင်ပိုမိုထိရောက်သည့် မူဝါဒပိုင်းဆိုင်ရာအကြံဉာဏ်ပေးနိုင်ရန်အတွက် ကော်မတီများဖွဲ့စည်းထားရှိရာတွင် အမျိုးသမီးများ၏ပါဝင်ဦးဆောင်မှုကို အလေးအနက်ထားထည့်သွင်းလုပ်ဆောင်လျက်ရှိပါသည်။

(စ) မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

(ဆ) မြန်မာအမျိုးသမီးများကို အကြမ်းဖက်မှုမှတားဆီးကာကွယ်ရန်၊ ဆင်းရဲမှုလျော့ချရန်၊ အမျိုးသမီးများ၏အသက်မွေးဝမ်းကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ အမျိုးသမီး

များ စွမ်းပကားမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကိုလည်း ဖွဲ့စည်းထားပါသည်။

(ဇ) အမျိုးသမီးများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနှင့်တက်ညီလက်ညီ ပူးပေါင်းလက်တွဲကာ လိုအပ်သည့် အစီအမံများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) အမျိုးသမီးများဘဝ လုံခြုံစိတ်ချရစေရန်နှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လူမှုဝန်ထမ်းဦးစီးဌာနကို သီးခြားဖွဲ့စည်းပြီး လုပ်ငန်းစဉ်(၈) ရပ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

(ည) အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှရေးကို ပိုမိုအားစိုက်ဆောင်ရွက်နိုင်ရန်နှင့် ကျားမဆိုင်ရာကိစ္စရပ်များအတွက် Gender Department ကိုလည်းဖွင့်လှစ်ထားရှိနိုင်ခဲ့ပြီဖြစ်ပါသည်။

(ဋ) အမျိုးသမီးရေးရာကိစ္စရပ်များနှင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ရယူလျက်ရှိပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဌ) နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံသားတိုင်း တန်းတူညီမျှအခွင့်အရေးရရှိစေရေး ဟူသည့်ခေါင်းစဉ်အောက်၌ အမျိုးသမီးများ၏ ရပိုင်ခွင့် အခွင့်အရေးများနှင့် မြန်မာအမျိုးသမီးများအနေဖြင့် မည်သည့်အကြောင်းအရင်းများ၏လွှမ်းမိုးချုပ်ကိုင်မှုကြောင့် မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကိုမဆုံးရှုံးစေရေးတို့အားနိုင်ငံတော်အစိုးရအနေဖြင့်ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

(ဍ) ပထမအကြိမ် Global Women Forum ကြီးမှတစ်ဆင့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်နှင့် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့်သက်ဆိုင်သော အရေး

ကြီးသည့်ဆွေးနွေးချက်များ၊အကြံပြုချက်များကိုရရှိခဲ့ပြီးထိုက်သင့်သည့် အကောင်အထည်ဖော်မှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။[21]

၄၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသမီးရေးရာကော်မတီ တို့ပူးပေါင်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။[22] ယင်းစီမံကိန်းတွင်ရေးဆွဲထားသောအကောင်အထည်ဖော်ဆောင်ရွက်မည့်ဇရိယာ ၁၂ ခုနှင့်မဟာဗျူဟာ ၄ ရပ်တို့မှာ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်မှု၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းယန္တရား၊ အမျိုးသမီးများနှင့်လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် လူထုဆက်သွယ်ရေး၊ အမျိုးသမီးများနှင့်သဘာဝပတ်ဝန်းကျင်နှင့်အမျိုးသမီးငယ်များဖြစ်ကြောင်း သိရပါသည်။ ထိုမဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းသည် နိုင်ငံတော်အတွက်သာမက မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအတွက်ပါ အထူးအကျိုးရှိသော ဆောင်ရွက်ချက်ဖြစ်ပါသည်။ ထိုစီမံကိန်းကို ရေးဆွဲထားသည့်အတွက် CEDAW စာချုပ်၏ အဓိကမူဝါဒသုံးရပ်ဖြစ်သည့် တန်းတူညီမျှခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် နိုင်ငံတော်၏ တိကျသောတာဝန်ဝတ္တရားနှင့် ပေကျင်းကြော်ငြာစာတမ်းမှ ချမှတ်ထားသော ဇရိယာ ၁၂ ရပ်တို့ကို အလေးထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။[23]

## အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်

၄၄။ မိမိ၏ မိခင်၊ ညီမ အမနဲ့ သမီးများ၏ အခွင့်အရေးအတွက် အမျိုးသားများက မားမားမတ်မတ်ရပ်တည် ကာကွယ်ပေးရန်အတွက် He For She ဟုနာမည်ရသော လှုပ်ရှားမှုကို ကုလသမဂ္ဂက စတင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ အမျိုးသမီးများနေ့အား ထိုင်း-မြန်မာနယ်စပ်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူထု

---

[21] နိုင်ငံတော်သမ္မတရုံး၊ (၅-၁၂-၂၀၁၄) , available form: http://www.president-office.gov.mm/?q=briefing-room/speeches-and-remarks/2014/12/10/id-7487 [accessed 5 June 2015]

[22] president-office, available form: http://myanmar-president-office.blogspot.com/2014/03/blog-post_9.html[accessed 5 June 2015]

[23] အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း ၂၀၁၃-၂၀၂၂ စီမံချက်ကို ဇရိယာ ၁၂ ခုနှင့် မဟာဗျူဟာ ၄ ရပ်တို့ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်မည် (၅-၁၀-၂၀၁၃)http://thanlwinriver.blogspot.com/2013/10/blog-post_4825.html [accessed 5 June 2015]

အခြေပြု အဖွဲ့အစည်း ၄၀ ကျော်ပါဝင်သော MRPWG ဟုခေါ်သော မြန်မာအလုပ်သမားရေး ပူးပေါင်းဆောင်ရွက်နေသောအဖွဲ့များနှင့် ထိုင်းလူမှုဖူလုံရေးအဖွဲ့များ ပူးပေါင်းကျင်းပခဲ့ကြပါသည်။ နိုင်ငံတကာအမျိုးသမီးများ၏ ၂၀၁၄ခုနှစ်ဆောင်ပုဒ်မှာ Equality for woman is progress for all (အမျိုးသမီးများတန်းတူညီမျှခြင်းသည် ပြည်သူအားလုံးတိုးတက်ရန်) ဖြစ်ပါသည်။[24]

## နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု

၄၅။ ကမ္ဘာ့စီးပွားရေးဆွေးနွေးပွဲ (World Economic Forum – WEF) သည် ၂၀၀၆ ခုနှစ်မှ စတင်၍ ကမ္ဘာ့ကျားမကွာဟချက်အစီရင်ခံစာအား နှစ်စဉ်ထုတ်ပြန်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ ကျားမကွာဟချက်အစီရင်ခံစာတွင် ၁၄၂ နိုင်ငံ၏ အဆင့်များ၊ ရမှတ်များအား ဖော်ပြထားခဲ့ ပါသည်။ ရမှတ် ဝ.ဝဝ သည် တန်းတူညီမျှမှုမရှိခြင်း ဖြစ်ပြီး ရမှတ် ၁.ဝဝ သည် တန်းတူညီမျှမှု အရှိဆုံးဖြစ်သည်။ နိုင်ငံများရှိ အမျိုးသားနှင့်အမျိုးသမီးတို့တန်းတူညီမျှမှုအခြေအနေကို အတန်း အစား ၄ မျိုးခွဲခြားပါသည်။ ၎င်းတို့မှာ စီးပွားရေးတွင် ပါဝင်ပတ်သက်မှု အခွင့်အလမ်းများ၊ ပညာရေး၊ နိုင်ငံရေးတွင် လုပ်ပိုင်ခွင့်ရှိမှုနှင့် ကျန်းမာရေးနှင့် အသက်ရှင်ရပ်တည်နိုင်မှုတို့ ဖြစ်ပါ သည်။ ၎င်းတွင်ထိပ်ဆုံး ၁၀ နိုင်ငံမှာ အိုင်စလန်၊ ဖင်လန်၊ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ နီကာရာဂွါ၊ ရဝမ်ဒါ၊ အိုင်ယာလန်၊ ဖိလစ်ပိုင်နှင့် ဘယ်(လ်)ဂျီယမ် နိုင်ငံတို့ဖြစ်ပါသည်။[25] ဤစာတမ်းတိုတွင် ကိုယ်စားလှယ်မှ ဖတ်ရှုလေ့လာနိုင်ရန်အတွက် အဆင့် ၉ ဖြင့် အောင်မြင်မှု ရရှိနေသော အရှေ့ တောင်အာရှမှ ကျွန်းနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံနှင့် အဆင့် ၁၁၇ ဖြင့် အောင်မြင်မှု၏ အဝေးသို့ ရောက်ရှိခဲ့သော တောင်ကိုးရီးယားနိုင်ငံတို့၏ အခြေအနေများအား အချက်အလက်များရှာဖွေ၍ ပြုစုတင်ပြထားပါသည်။

## ရည်မှန်းချက် ၃ တွင် အောင်မြင်မှုသရုပ်ဖော်ဆောင်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ

၄၆။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဆန်းစစ်ချက်များအရ ကျားမတန်းတူညီမျှမှု ထိပ်ဆုံး ၁၀ နိုင်ငံ တွင် ပါဝင်ပြီး အခြားအာဆီယံနိုင်ငံများထက် မြင့်သောအဆင့်တွင် ရပ်တည်နေကာ ကမ္ဘာ့စီးပွား

[24] မအေးအေးမာ၊ ဗွီအိုအေ၊ (၈-၃-၂၀၁၅)ကျားမတန်းတူအခွင့်အရေးရှိမှလူမှုဝန်းကျင်တိုးတက်မည်၊ available form: http://burmese.voanews.com/content/international-women-day-cythia-maung-tak-provance-/1867128.html [accessed 8 June 2015]

[25] Wingatchalian.com, Solon lauds Philippines economy for keeping spot in top 10 of Gobal Gender Gap,30-10-2014, available form: http://www.wintayo.com/press.php?news_id=377 [accessed 5 June 2015]

ရေး ဆွေးနွေးပွဲများ၌လည်း အာရှနိုင်ငံများထဲတွင် တန်းတူညီမျှအဖြစ်ဆုံးကို ၂ နှစ် ဆက်တိုက် နာမည်ရခဲ့သောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။[26]၎င်းနိုင်ငံသည် ကျား၊မ တန်းတူညီမျှမှုတွင် အာရှ တိုက်၌ အဆင့် ၁ ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ ဖိလစ်ပိုင်အမျိုးသမီးကော်မရှင်၏စွမ်းဆောင်မှုကြောင့် အမျိုးသမီးများ လုပ်ပိုင်ခွင့်အာဏာအတွက်ဦးဆောင်နိုင်ပြီး၊ လူ့အခွင့်အရေးနှင့် ကျား၊မတန်းတူ ညီမျှရေး၊ တခြားသောအစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်မှုကြောင့် အောင်မြင်မှုသရဖူအား ဆက်တိုက်ရရှိခဲ့ပါသည်။[27]

၄၇။ ၂၀၁၄ ခုနှစ် ကျား၊မခြားနားမှု အစီရင်ခံစာတွင် ကျား၊မကွာခြားမှုအား စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အခြေခံကျန်းမာရေးစံနှုန်းများတွင် အဆင့် ၉၊ ရမှတ် ၀.၇၈၁ ရရှိခဲ့ပါသည်။ ကဏ္ဍတစ်ခုချင်းစီအတွက် အဆင့်နှင့်ရမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | အဆင့် | ရမှတ် |
|---|---|---|---|
| ၁။ | စီးပွားရေးတွင် ပါဝင်ပတ်သက်မှု အခွင့်အလမ်းများ | ၂၄ | ၀.၇၇၈ |
| ၂။ | ပညာရေးတွင်ကျား၊မတန်းတူညီမျှစွာပါဝင်မှု | ၁ | ၁.၀၀၀ |
| ၃။ | နိုင်ငံရေးတွင် လုပ်ပိုင်ခွင့်ရှိမှု | ၁ | ၀.၉၈၀ |
| ၄။ | ကျန်းမာရေးနှင့် အသက်ရှင်ရပ်တည်နိုင်မှု | ၁၇ | ၀.၃၆၈ |

[28]

၄၈။ WEF ၏ အခြေခံဖြစ်သော ကမ္ဘာလုံးဆိုင်ရာ ကျား၊မခြားနားချက် ၂၀၁၄ အစီရင်ခံစာအရ ဖိလစ်ပိုင်နိုင်ငံသည် ပညာရေးနှင့်ကျန်းမာရေးကဲ့သို့သော ကဏ္ဍများတွင် ညွှန်းကိန်းများသည် မြင့်သောအဆင့်အား ဆက်လက်တည်ရှိရန် ထိန်းသိမ်းထားလျှက်ရှိပါသည်။[29] ဖိလစ်ပိုင်နိုင်ငံ

[26] CAN, available form: http://webcache.googleusercontent.com/search?q=cache:MWymJ9Wz6JUJ:www. channelnewsasia. com/news/asiapacific/when-rankings-don't match/1701698.html+gender+equality+in+philippines+channel&cd=1&hl=en&ct= clnk&gl=mm [accessed 22 June 2015]
[27] Oct 30, 2014 available form:http://www.wingatchalian.com/news-events/article/solon-lauds-philippine-economy-for-keeping-spot-in-top-10-of-global-gender-gap [accessed 20 June 2015]
[28] WEF, available form: http://reports.weforum.org/global-gender-gap-report-2014/economies/#economy=PHL [accessed 15 June 2015]
[29] CAN, available form: http://webcache.googleusercontent.com/search?q=cache:MWymJ9Wz6JUJ:www.channelnewsasia.com /news/asiapacific/when-rankings-don-t match/1701698.html+gender+equality+in+philippines+channel&cd=1&hl=en&ct= clnk&gl=mm [accessed 8 June 2015]

သည် ကျားမ တန်းတူညီမျှမှုအခြေအနေသည် ဖွံ့ဖြိုးတိုးတက်နေပြီး ကမ္ဘာတွင်လည်း ဆက်လက်တိုးတက်နေဦးမည်ဖြစ်ပါသည်။ [30]

၄၉။ အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းမှာ မြင့်မားလျက်ရှိပြီး သာမန်အားဖြင့် အမျိုးသားများထက်ပို၍ မြင့်မားရန်ဆောင်ရွက်နိုင်သော်လည်း စီးပွားရေးအခွင့်အလမ်းများတွင်မူ အမျိုးသားများထက်ပိုမိုသာလွန်ခြင်း မရှိပါ။ [31] အမျိုးသမီးအရေအတွက်များစွာကို စီမံခန့်ခွဲမှုနှင့် နိုင်ငံရေးကဏ္ဍများတွင် တာဝန်ထမ်းဆောင်စေသောကြောင့် အတွေ့အကြုံများကောင်းစွာရရှိစေခဲ့ပါသည်။ ဖိလစ်ပိုင်အထက်လွှတ်တော်နှင့်အောက်လွှတ်တော် ၂ ရပ်စလုံးတွင် အမျိုးသမီးများအား တရားဝင်ရွေးချယ်တင်မြှောက် ထားသည် မှာ ၂၅ ရာခိုင်နှုန်းရှိပါသည်။ ၎င်းနိုင်ငံတွင် အမျိုးသမီးသမ္မတ ၂ ကြိမ်တင်မြှောက်ပြီး လည်းဖြစ်ပါသည်။

၅၀။ ဖိလစ်ပိုင်တက္ကသိုလ်မှ မနုဿဗေဒပညာရှင် Carolyn Sobritchea က "ယဉ်ကျေးမှုဆိုင်ရာသမိုင်းမှတ်တမ်းများသည် ကျားမတန်းတူညီမျှမှုအတွက် အကြောင်းပြချက်ဖြစ်ပါသည်။ ၎င်းတို့နိုင်ငံသည် ထုံးတမ်းစဉ်လာအရ အမျိုးသား၊ အမျိုးသမီး တန်းတူရည်တူစနစ်ရှိသောနိုင်ငံဖြစ်ပါသည်။ ယောကျ်ားများအား ဦးစားပေးသောအမွေဆက်ခံမှုမရှိပါ။ အရှေ့တောင်အာရှရှိ ဓလေ့ထုံးတမ်းများတွင် အမျိုးသမီးများသည် လူမှုနယ်ပယ်တွင် အရေးကြီးသော ကဏ္ဍတစ်ရပ်တွင်ရှိနေပါသည်" ဟုပြောကြားခဲ့ပါသည်။

၅၁။ "အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတွင် ပို၍အကောင်အထည်ဖော်နိုင်ခဲ့သည်မှာ ခက်ခဲသော စီးပွားရေးဆိုင်ရာအခြေအနေများတွင်လုပ်ဆောင်လေ့ရှိသော အမျိုးသမီးအများအပြားအား အလုပ်အကိုင်ပေးအပ်နိုင်လျှင် ငွေရေးကြေးရေးအရလည်း ၎င်းတို့၏ မိသားစုများကို ကူညီနိုင်ပါသည်။ ထို့ကြောင့်ဖိလစ်ပိုင်နိုင်ငံသည် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိမှုကို တိုးတက်ရရှိလာပါသည်။ အမျိုးသမီးများသည် အသက်ရှင်နေထိုင်မှုတွင် အိမ်ထောင်တစ်ခုလုံးအတွက် ဝန်ထုပ်ဝန်ပိုးများအား မျှဝေခံစားနေရပါသည်။ ပြည်သူနှင့်ပုဂ္ဂလိကအလုပ်ရှင်များသည် ငွေလွှဲပြောင်းသည့် အစီအစဉ်အား လိုက်နာဆောင်ရွက်သင့်ပါသည်။ ထိုအစီအစဉ်ဖြင့် အစိုးရ

[30] Oct 30, 2014 available form:http://www.wingatchalian.com/news-events/article/ solon-lauds-philippine-economy-for-keeping-spot-in-top- 10-of-global-gender-gap [accessed 5 June 2015]
[31] CAN, available form: http://webcache.googleusercontent.com/search?q=cache:MWymJ9Wz6JUJ:www.channelnewsasia.com / news/ asiapacific/ when-rankings-don-t match/1701698.html+gender+equality+in+philippines+channel&cd=1&hl=en&ct= clnk&gl=mm [accessed 4 June 2015]

သည် မိခင်များကို ထောက်ပံ့ပေးသည်။ မိသားစုကို ပို၍အခြေအနေ ကောင်းမွန်စေရေးအတွက် ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် အစိုးရ၏ပညာရေးနှင့်ကျန်းမာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါသည်။ အိမ်ထောင်ဦးစီးဖြစ်သော ယောကျ်ားများကို ထောက်ပံ့ပေးခြင်းဖြင့် ထိုကဲ့သို့ အကျိုးကျေးဇူးများမရရှိနိုင်ပါ။ ထို့ကြောင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် ကလေးများအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် WEF အစီရင်ခံစာတွင် အလုပ်လုပ်သော လူဦးရေတွင် အမျိုးသမီးများ ပါဝင်သောအရေအတွက်ဖြင့် တိုင်းတာလျှင် ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်သည် ၁၀၂ ရှိပါသည်။ ၎င်းနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၆၄နှစ် အတွင်းရှိသော သူများကို အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်ဆောင်ရွက်ပေးရုံဖြင့်မလုံလောက်သေးကြောင်းဖော်ပြပါရှိပါသည်။”ဟု Valenzuela မြို့ လွှတ်တော်ကိုယ်စားလှယ် Gatchalian ကပြောကြားခဲ့ပါသည်။

၅၂။ ၂၀၁၄ ခုနှစ် မတ်လက ဖိလစ်ပိုင်ကိန်းဂဏန်းများ တွက်ချက်သည့်အဖွဲ့အစည်း၏ ပုံနှိပ်ထုတ်ဝေမှုတွင် “ အမျိုးသမီးများအနေဖြင့် အလုပ်အကိုင် ဝင်ရောက်လုပ်ကိုင်သည့် အရေအတွက်သည် အလုပ်လုပ်နိုင်သော အမျိုးသမီးအရေအတွက်၏ ၇၈.၁ ရာခိုင်နှုန်းအလုပ်လုပ်လျက်ရှိကြောင်းတွေ့ရပါသည်။” ဟုဖော်ပြထားပါသည်။

၅၃။ မိသားစုလုပ်ငန်းများတွင် ငွေကြေးရရှိခြင်း မရှိပဲ လုပ်ဆောင်နေရသော အမျိုးသားများမှာ ၆.၈ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများမှာ ၁၅.၉ရာခိုင်နှုန်း ရှိပါသည်။ နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်နေသော ဖိလစ်ပိုင်အမျိုးသမီးများသည် လုပ်ငန်းကျွမ်းကျင်မှု မရှိသော အလုပ်ကြမ်းသမားများဖြစ်ပြီး အမျိုးသားများမှာ စက်ရုံများ၊ စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူနှင့်ပြုပြင်ထိန်းသိမ်းသူများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြပါသည်။[32]

၅၄။ ဖိလစ်ပိုင်နိုင်ငံသည် ကျားမတန်းတူညီမျှမှုစနစ်များ ကျင့်သုံးသောကြောင့် စီးပွားရေးတွင် ပိုမိုအခွင့်အလမ်းများ ရရှိပြီး ပို၍တိုးတက်အောင်မြင်ခဲ့ပါသည်။ ၎င်းနိုင်ငံသည် ကျားမ တန်းတူ

[32] Wingatchalian.com, Solon lauds Philippines economy for keeping spot in top 10 of Gobal Gender Gap,30-10-2014, available form: http://www.wintayo.com/press.php?news_id=377 [accessed 7 June 2015]

ညီမျှမှုစနစ်အား မကျင့်သုံးသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေးတွင် ပို၍တိုးတက်အောင်မြင်ကြောင်း တွေ့ရှိရပါသည်။[33]

**ရည်မှန်းချက် အမှတ် ၃ တွင် အောင်မြင်မှု၏အဝေးသို့ ရောက်ရှိခဲ့ရသည့် တောင်ကိုးရီးယားနိုင်ငံ**

၅၅။ တောင်ကိုးရီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ် ကျားမခြားနားမှု အစီရင်ခံစာတွင် ကျားမကွာခြားမှု အဆင့် ၁၁၇၊ ရမှတ် ၀.၆၄၀ ရရှိခဲ့ပါသည်။ ကဏ္ဍတစ်ခုချင်းစီအတွက် အဆင့်နှင့်ရမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | အဆင့် | ရမှတ် |
|---|---|---|---|
| ၁။ | စီးပွားရေးတွင် ပါဝင်ပတ်သက်မှု အခွင့်အလမ်းများ | ၁၂၄ | ၀.၅၁၂ |
| ၂။ | ပညာရေးတွင်ကျားမတန်းတူညီမျှစွာပါဝင်မှု | ၁၀၃ | ၀.၉၆၅ |
| ၃။ | နိုင်ငံရေးတွင် လုပ်ပိုင်ခွင့်ရှိမှု | ၇၄ | ၀.၉၇၃ |
| ၄။ | ကျန်းမာရေးနှင့် အသက်ရှင်ရပ်တည်နိုင်မှု | ၉၃ | ၀.၁၁၂ |

[34]

၅၆။ ကျားမကွာဟမှု အစီရင်ခံစာ၏ အကြံပြုချက်မှာ "၎င်းနိုင်ငံသည် အထင်ကြီးလောက်သော စီးပွားရေးအဆင့်အတန်းရှိစေကာမူ ကျားမတန်းတူညီမျှမှုစွမ်းဆောင်ရာတွင် ရေရှည်တွင်ကြိုးစားရဦးမည်ဖြစ်ပါသည် " ဟု ဖော်ပြထားပါသည်။

၅၇။ တောင်ကိုးရီးယားနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးသမ္မတဖြစ်သည့် Mrs. Park Geun hye က သူမ၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးတွင် အမျိုးသမီးများအရေးနှင့် စပ်လျဉ်း၍ ကလေးများအား ပြုစုစောင့်ရှောက်မှု မြှင့်တင်ရေးကဲ့သို့သော ကိစ္စရပ်များအား ကတိပြုခဲ့ဖူးပါသည်။ တောင်ကိုးရီးယားနိုင်ငံ၏ ထုံးတမ်းစဉ်လာအရ ဝန်ထမ်းများ၊ အလုပ်သမားများသည် လုပ်ငန်းခွင်တာဝန်ထမ်းဆောင်ပြီးနောက် လူမှုရေးအရ မလုပ်မနေလုပ်ရသော ထိတွေ့ပြောဆို ဆက်ဆံရသည့် အချိန်ကာလများသည် အခကြေးငွေမရရှိဘဲလုပ်ရသည့် အလုပ်များဖြစ်ပါသည်။

[33] Oct 30, 2014 available form:http://www.wingatchalian.com/news-events/article/ solon-lauds -philippine- economy-for-keeping-spot-in-top-10-of-global-gender-gap [accessed 18June 2015]
[34] WEF, available form: http://reports.weforum.org/global-gender-gap-report-2014/economies/#economy=KOR [accessed 4 June 2015]

၅၈။ တောင်ကိုးရီးယားနိုင်ငံတွင် အရွယ်လွန်သောလူဦးရေများလာပြီး ကလေးများအား ပြုစုစောင့်ရှောက်ရန်လိုအပ်ချက်သည် အရေးကြီးလာသောကြောင့် အလုပ်လုပ်သောလူဦးရေ၏ လုပ်နိုင်စွမ်းအားကိုထိန်းသိမ်းရန် လိုအပ်နေပါသည်။ ၎င်းနိုင်ငံသည် အမျိုးသားနှင့်အမျိုးသမီးဘွဲ့ ရရှိမှုအရေအတွက် တူညီသော်လည်း ကိုးရီးယားဘွဲ့ရအမျိုးသမီးများ အလုပ်ခန့်လာချိန်တွင် OECD နိုင်ငံများတွင် အဆင့်နောက်ဘက်တွင် ရှိနေပါသည်။ တောင်ကိုးရီးယားအမျိုးသမီးအများအပြားသည် အသက် ၃၀ ကျော်လာချိန်တွင် လက်ထပ်ခြင်းနှင့်ကလေးမွေးဖွားခြင်းကဲ့သို့သော အကြောင်းပြချက်များကြောင့် ၎င်းတို့၏လုပ်ငန်းများအား လက်လွှတ်လိုက်ရပါသည်။ ထို့နောက် ကလေးများအား ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်း အကြောင်းပြချက်ဖြင့် အချိန်ပိုင်းအလုပ်များဖြင့်ပြန်လည်လုပ်ကိုင်လာကြပါသည်။

၅၉။ OECD ကတောင်ကိုးရီးယားလူမျိုးများသည် မည်သည့်နေရာတွင်မဆို အချိန်ကြာမြင့်စွာလုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် နေအိမ်တွင် အချိန်အနည်းငယ်သာ ကုန်လွန်သည့် အကျိုးဆက်သည် ၎င်းတို့၏ အမျိုးသမီးများမှ များပြားလှသော မိသားစုတာဝန်များအား ထမ်းဆောင်နေရပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် ယှဉ်တွဲ၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်လိုကြသောအခါ ကလေးငယ်များ ကြည့်ရှုစောင့်ရှောက်ရန်လိုအပ်လာပါသည်။ ထိုအချိန်တွင် ဖြစ်ပေါ်လာသည်မှာ တောင်ကိုးရီးယားနိုင်ငံ၏ မျိုးပွားမှုနှုန်းသည် အလွန်ကျဆင်းသွားသောအချိန် ဖြစ်နေပါသည်။ ၂၀၁၃ ခုနှစ်တွင် အိမ်ထောင်မပြုသော အမျိုးသမီးရာခိုင်နှုန်းမှာ ၁၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၀ ခုနှစ်တွင် ၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

၆၀။ တောင်ကိုးရီးယားနိုင်ငံသည် တက္ကသိုလ်ဘွဲ့ရသည့်အမျိုးသမီးများသည် သာမန်အခြေခံတတ်ကျွမ်းသည့် အမျိုးသမီးများထက်ပို၍ အလုပ်အကိုင်မရသော OECD အဖွဲ့ဝင်နိုင်ငံ တစ်ခုဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများလုပ်ငန်းခွင် ဝင်ရောက်ရန်အတွက် ဆွဲဆောင်မှုမရှိသောကြောင့် ဖြစ်ပါသည်။ (ဥပမာ-အမျိုးသားနှင့် အမျိုးသမီးများအကြား လစာရရှိမှုကွာခြားနှုန်းမြင့်မားခြင်း၊ အမျိုးသမီးများအတွက် တာဝန်ရှိမှု နည်းပါးခြင်းကြောင့်ဖြစ်ပါသည်။) တောင်ကိုးရီးယားအမျိုးသမီးများသည် အမျိုးသားများလစာ၏ ၄၄ ရာခိုင်နှုန်းခန့်သာ ရရှိပါသည်။

၆၁။ တောင်ကိုးရီးယားနိုင်ငံတွင် အမျိုးသမီးအလုပ်သမားခန့်ထားမှုနှုန်း မြင့်မားလာခြင်းသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းကို ကျယ်ပြန့်စေပါသည်။ OECD နိုင်ငံများတွင် အမျိုးသမီး အလုပ်သမားပါဝင်မှု အချက်အလက်နှုန်းသည် အမျိုးသမီးအလုပ်ခန့်ထားမှုနှုန်းမြင့်ပြီး ကလေး မွေးနှုန်းတည်ငြိမ်သည့်အကျိုးကို ခံစားရလေ့ရှိပါသည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအား ပိုမိုအသုံးပြုနိုင်ရန် ၂၀၁၄ ခုနှစ်တွင် ကျားမရေးရာတန်းတူညီမျှမှုနှင့် မိသားစု၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းဝန်ကြီးဌာနအား ဖွဲ့စည်း၍ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျှက်ရှိပါသည်။ သို့သော် လည်း ကျားမတန်းတူညီမျှခြင်း ကိစ္စတစ်ခုတည်းအား ငွေကြေးဖြင့် ဖြေရှင်းရန် မရသော်လည်း အလုပ်ခွင်တွင်အလုပ်လုပ်ကိုင်နေသောမိခင်များကို ထောက်ပံ့ကူညီခြင်းမှာလည်းအရေးကြီးပါသည်။

၆၂။ တောင်ကိုးရီးယားနိုင်ငံသည် ၁၉၅၀ ခုနှစ်ကျော်ကာလများတွင် စီးပွားရေးဖွံ့ဖြိုးမှုတွင် ထူးထူးခြားခြားအောင်မြင်မှုရရှိခဲ့ပါသည်။ ၁၉၆၀ ခုနှစ်ကျော်ကာလက လူမှုရေးလွတ်လပ်မှုနှင့် ပတ်သက်၍ နိမ့်ကျနေသေးပါသည်။ ယနေ့တွင် ကိုးရီးယားနိုင်ငံသည် ကမ္ဘာတွင်စီးပွားရေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာအရ တိုးတက်သောနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ သို့သော် အမျိုးသမီး အလုပ်သမားများသည် နိမ့်ကျသောကလေးမွေးဖွားမှုနှုန်း၊ အသက်အရွယ်ကြီးရင့်လာသော လူဦး ရေ၊ ဆက်တိုက်ဖြစ်ပေါ်နေသော တန်းတူညီမျှမှုမရှိခြင်းတို့အား ရင်ဆိုင်နေရဆဲဖြစ်ပါသည်။[35]

## မူဝါဒဆိုင်ရာသုံးသပ်ချက်များ

၆၃။ ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့်အားမြှင့်တင်ရေးနှင့် စပ်လျဉ်း သောသုံးသပ်မှုများအား နိုင်ငံတကာခေါင်းဆောင်များ၊ ပညာရှင်များမှ ရှုထောင့်အမျိုးမျိုးမှ ပြော ကြားကြပါသည်။

### နိုင်ငံတကာခေါင်းဆောင်များ၏ထင်မြင်သုံးသပ်ချက်များ

၆၄။ **ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း**၏ အပြည်ပြည်ဆိုင်ရာအမျိုးသမီး များနေ့သဝဏ်လွှာတွင် "အမျိုးသမီးများတန်းတူညီမျှအခွင့်အရေးရမှုသည် သာတူညီမျှနဲ့အခြေခံ လူ့အခွင့် အရေးကိစ္စရပ်သာမက ကဏ္ဍအားလုံးဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တန်းတူညီမျှမှုပေါ်

[35] Kyla Ryan,(20-8-2014)Thediplomat, South Korea's Failure to Support Working Women, available form: http://thediplomat. com/ 2014/08/south-koreas-failure-to-support-working-women/ [accessed 15 June 2015]

မူတည်နေပါသည်။ ကျားမတန်းတူညီမျှမှု မြင့်မားသောနိုင်ငံများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကောင်းစွာရရှိပြီး အမျိုးသမီးခေါင်းဆောင်အများစုပါဝင်သောစီးပွားရေးလုပ်ငန်းများသည်လည်း လုပ်ငန်းများ ပိုမိုအောင်မြင်သည်ကို တွေ့ရပါကြောင်း၊ အမျိုးသမီးများပါဝင်မှုနှင့် ဆောင်ရွက် ထားသော ငြိမ်းချမ်းရေးသဘောတူညီချက်များသည် ပို၍ခိုင်မာကြပြီး အမျိုးသမီးကိုယ်စားလှယ် အများစု ပါဝင်သောလွှတ်တော်များတွင် ကျန်းမာရေး၊ ပညာရေး၊ ခွဲခြားမှုပပျောက်ရေးနှင့် ကလေးသူငယ် ကူညီထောက်ပံ့ရေးများကဲ့သို့ အရေးကြီးသော လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သောဥပဒေပြဋ္ဌာန်းချက်များကိုပိုမိုဆောင်ရွက်နိုင်ပါသည် " ဟုဖော်ပြထားပါသည်။[36]

၆၅။ **အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း Mrs.Hillary Clinton** ကကုလသမဂ္ဂဌာနချုပ် မှာပြုလုပ်ခဲ့တဲ့အခမ်းအနားမှာ "အမျိုးသမီးအခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်ပြီး အမျိုးသမီး များတိုးတက်မှလူသားများတိုးတက်မည်။ အောင်မြင်မှုများရှိနေသော်လည်း လူမှုအသိုင်းအဝိုင်း ထဲတွင် အမျိုးသမီးများ ရာနှုန်းပြည့်ပါဝင်နိုင်တဲ့ နိုင်ငံတစ်ခုမှ မရှိသေးတဲ့အတွက် ၂၁ ရာစုမှာ မပြီးပြတ်သေးသော အလုပ်တခုဖြစ်နေပါသည်။ " ဟုပြောကြားသွားပါသည်။

၆၆။ **Mr.John Kerry (အမေရိကန်နိုင်ငံခြားရေးဝန်ကြီး)**၏ ထုတ်ပြန်သော ကြေညာချက်တွင် "အားလုံးအတွက် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တွေချမှတ်သည့်နေရာမှာ အမျိုးသမီးများ ပါဝင်ရမည်ဟု ပြောကြားထားပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးသော စကားဝိုင်းများ၊ အသက် ဆုံးရှုံးမှုများရှိသောပဋိပက္ခများအတွက်ညှိနှိုင်းသည့်နေရာမှာ စီးပွားရေးအပေါ်သက်ရောက်နိုင် သော ကော်ပိုရေးရှင်းကြီးများ၏ ဘုတ်အဖွဲ့ဆွေးနွေးပွဲများတွင် အမျိုးသမီးများအား နေရာပေး ရပါမည် "ဟု ဖော်ပြထားပါသည်။[37]

**ပညာရှင်များ၏ထင်မြင်သုံးသပ်ချက်များ**

၆၇။ **ထိုင်းလူမှုဖွံ့ဖြိုးရေးဌာနမှ လူမှုထူးချွန်ဆုရခဲ့သောဒေါက်တာစင်သီယာမောင်**က "ဒေသ တစ်ခုမှာဖြစ်စေ၊ နိုင်ငံတစ်ခုမှာဖြစ်စေ နိုင်ငံရေး မတည်ငြိမ်မှုတွေရှိလျှင် စစ်မက်ဖြစ်ပွားမှုများရှိ

---

[36] ဖိုးသူတော်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ပွဲများကျင်းပ available form: http://www.phothutaw.com/2014/03/blog-post_1893.html [accessed 22 June 2015]

[37] မအေးအေးမာ၊ ဗွီအိုအေ၊ (၈-၃-၂၀၁၅)ကျားမတန်းတူအခွင့်အရေးရှိမှလူမှုဝန်းကျင်တိုးတက်မည်၊ available form: http://burmese.voanews.com/content/international-women-day-cythia-maung-tak-provance-/1867128.html [accessed 8 June 2015]

လျှင် အမျိုးသမီးများကိုယ်တိုင် တိုက်ရိုက်ထိခိုက်နစ်နာမှုများ ရှိသည့်အပြင် ၎င်းတို့၏ မိသားစုဝင်များအား အကာအကွယ်ပေးရသည်မှာ အမျိုးသမီးများက အခြေခံကနေရှိနေပါကြောင်း၊ အမျိုးသမီးများသည် ငြိမ်းချမ်းရေးကိုအမြဲလိုချင်ကြကြောင်း၊ တောင်းဆိုကြပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများအနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ပါဝင်လာရန် အရေးကြီးပါကြောင်း၊ မိမိတို့လူမှုအသိုင်းအဝိုင်းထဲတွင် မိသားစုထဲ၌ အကြမ်းဖက်မှုများရှိနေလျှင် အမျိုးသမီးများအနေနှင့် တိုက်ရိုက်ခံစားရခြင်းရှိသကဲ့သို့ ၎င်းတို့ကလေးများအတွက်လည်း အကာအကွယ်ပေးရန် မိခင်များ၏တာဝန်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံမှာဖြစ်စေ၊ ထိုင်းနိုင်ငံမှာဖြစ်စေ၊ ယင်း ပဋိပက္ခများ နည်းနိုင်သမျှနည်းသွားပြီး ဖွံ့ဖြိုးရေးမှာ ထိုင်းအမျိုးသမီးများ၊ မြန်မာအမျိုးသမီးများအနေနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး မိမိတို့၏အနာဂတ်မှာရှိသော နိုင်ငံများ၊ သားသမီးများအားလုံးအတွက် လုံခြုံသောပတ်ဝန်းကျင်ကို စုပေါင်းပြီးဖော်ဆောင်နိုင်ပါမည် ”ဟုပြောကြားခဲ့ပါသည်။[38]

၆၈။ **Joseph S.Nye,Jr (ပါမောက္ခ၊ ဟားဗက်တက္ကသိုလ်)** က “ အမျိုးသမီးများသည်အကြမ်းဖက်မှုအား မလိုလားသောအင်အားစုများဖြစ်ပါသည်။ အစဉ်အလာအရစစ်ပွဲများအား အမျိုးသားများမှသာဖန်တီးခဲ့ပြီး အမျိုးသမီးပါဝင်မှုမှာ အလွန်ပင်နည်းပါးပါသည်။ ၎င်းတို့သည် မိခင်များအဖြစ် ၎င်းတို့၏ရင်သွေးငယ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်များအား လက်ဆင့်ကမ်းရမည်ဟူသော သဘာဝအသိများဖြင့် ငြိမ်းချမ်းသောအခြေအနေအရပ်ရပ်အား ဖန်တီးစောင့်ရှောက်နေသကဲ့သို့ ဖြစ်နေပါသည်။ သာမန်အားဖြင့် အမျိုးသမီးများသည် စစ်ပွဲများအား ဖန်တီးရန်အခြေအနေမပေးပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ လုပ်ပိုင်ခွင့်အာဏာသည် မရသလောက်နီးပါးရှိသောကြောင့်ဖြစ်ပါသည်။ အကယ်၍ ၎င်းတို့သည် အာဏာအပြည့်အဝရှိသော ခေါင်းဆောင်များဖြစ်ခဲ့လျှင် ယောကျ်ားများဆောင်ရွက်ကြသော အခြေအနေအရပ်ရပ်အတိုင်း ၎င်းတို့ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ မာဂရက်သက်ချာ၊ ဂိုဒါမီယာ၊ အင်ဒရာဂန္ဒီ အစရှိသော အမျိုးသမီးများသည် အာဏာအပြည့်အဝရရှိခဲ့ဖူးသော အမျိုးသမီးခေါင်းဆောင်များဖြစ်ပြီး ၎င်းတို့သည် ၎င်းတို့၏နိုင်ငံမှ စစ်ပွဲများကို ဦးဆောင်ခဲ့ဘူးပါသည်။ အမျိုးသားများနှင့် ယှဉ်ပြိုင် ကစားရသော နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ဒွန်တွဲတာဝန်ယူ ဆောင်ရွက်

---

[38] မအေးအေးမာ၊ ဗွီအိုအေ၊ (၈-၃-၂၀၁၅)ကျားမတန်းတူအခွင့်အရေးရှိမှလူမှုဝန်းကျင်တိုးတက်မည်၊ available form: http://burmese.voanews.com/content/international-women-day-cythia-maung-tak-provance-/1867128.html [accessed 4June 2015]

ရမည်ဆိုလျှင်ငင်းတို့၏ဆောင်ရွက်ချက်များသည် ကွဲပြားခြားနားနေလိမ့်မည်ဟူသော ကိစ္စရပ်သည် ကျယ်ပြန့်သောမေးခွန်းအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ခေါင်းဆောင်မှုကဏ္ဍတွင် ကျားမရေးရာသည် ကိစ္စတစ်ခုအဖြစ်ရှိနေဆဲ ဖြစ်ပါသလား၊ စိတ်ပိုင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များမှ ညွှန်ပြနေသည်မှာ အမျိုးသားများသည် အာဏာကို ခက်ထန်စွာကိုင်တွယ်တတ်သော သဘောရှိပြီး အမျိုးသမီးများသည် စည်းရုံးဆွဲဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နားလည်မှုရရှိရန် ကြိုးစားဆောင်ရွက်ပြီး ပျော့ပြောင်းညင်သာစွာကိုင်တွယ်တတ်သော သဘောသဘာဝများရှိပါသည်။ သို့သော် အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍသည် နောက်ကျကျန်ရစ်နေဆဲဖြစ်ပါသည်။ ခြုံငုံတွက်ဆကြည့်ရာတွင် ပျမ်းမျှအားဖြင့် အမျိုးသမီးထု၏ ၅ ရာခိုင်နှုန်းခန့်သာ ခေါင်းဆောင်ပိုင်း နေရာသို့ ရောက်ရှိခဲ့ပါသည်။ ၂၀ ရာစု လွတ်လပ်သောနိုင်ငံများ၏ အုပ်ချုပ်သူ ၁၉၄၁ ဦး ကိုလေ့လာ ကြည့်သောအခါ အမျိုးသမီး၂၇ ဦး သာတွေ့ရှိရပြီး အကြမ်းဖျဉ်းအားဖြင့် ထိုအထဲမှ တစ်ဝက်သည် အုပ်ချုပ်သူအမျိုးသားများ၏ဇနီးနှင့်သမီးများဖြစ်ပါသည်။”ဟုသုံးသပ်တင်ပြထားပါသည်။[39]

## နိဂုံး

၆၉။ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် အမှတ် ၃ ဖြစ်သော ကျားမ တန်းတူညီမျှရေးနှင့်အမျိုးသမီးများ၏လုပ်ပိုင်ခွင့်မြှင့်တင်ရေးအား အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် လည်းဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံသည် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ယှဉ်လျှင် အောင်မြင်မှုအခြေအနေများအား အချို့သောသတင်းအချက်အလက်များက ညွှန်ပြနေပါသည်။ မြန်မာနိုင်ငံသည် ရည်မှန်းချက် အမှတ် ၃ တွင်-

- ပညာရေးအဆင့်တိုင်းတွင် ကျားမ တန်းတူညီမျှသည့် အရေအတွက်အား ပြည့်မီလျက်ရှိနေပါသည်။

[39] Project-Syndicate, When Women Lead, 8-2-2012, available form: http://www.project-syndicate.org/commentary/when-women-lead [accessed 20 June 2015]

- စိုက်ပျိုးရေးကဏ္ဍမဟုတ်သော အခြားသောလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှရပ်တည်နိုင်မှုအခြေအနေတွင်မရှိဘဲ အမျိုးသမီးများသည် နိမ့်သောရာထူးအဆင့်များနှင့်လက်မှုလုပ်ငန်းများတွင်သာရပ်တည်နေပါသည်။
- လွှတ်တော်တွင်း အမျိုးသမီးပါဝင်မှု ၃၀ ရာခိုင်နှုန်းပြည့်ရန် ရေရှည်တွင်ကြိုးစားဆောင်ရွက်ရပါဦးမည်။

၇၀။ ထို့ကြောင့် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်အမှတ် ၃ ဖြစ်သောကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများအားလုပ်ပိုင်ခွင့်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေးဆောင်ရွက်မှုတွင် စိုက်ပျိုးရေးကဏ္ဍမဟုတ်သော အခြားသောလုပ်ငန်းများနှင့်လွှတ်တော်တွင်းအမျိုးသမီးပါဝင်မှု ၃၀ရာခိုင်နှုန်းပြည့်မီရေးအတွက် ဆောင်ရွက်နိုင်မှု လိုအပ်နေသေးပါကြောင်းတွေ့ရှိရပါသည်။

၇၁။ သို့ဖြစ်ပါ၍ မကြာမီတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် အမှတ် ၅ အားရည်မှန်းချက်ပြည့်မီနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း၍ ကြိုးစားဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန<br>ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -


သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com